# ဆရာများအတွက်အမှာစာ

## ၁။ ဆရာလမ်းညွှန်အသုံးပြုပုံ

### (က) ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာ၊ ဆရာမများအနေဖြင့် တတိယတန်းအနုပညာ(ပန်းချီ) ဘာသာရပ်သင်ကြားရာတွင် အထောက်အကူပြုနိုင်ရန် ရေးသားပြုစုထားပါသည်။ အနုပညာပန်းချီဘာသာရပ်ကို ပန်းချီ၊ လက်မှုနှင့် ရသခံစားတန်ဖိုးထားမှုစသော နယ်ပယ် ၃ခုဖြင့် ဖွဲ့စည်းထားပါသည်။

ပန်းချီနယ်ပယ်ကို သင်ကြားရခြင်း၏ရည်ရွယ်ချက်မှာ အရာဝတ္ထုများကိုကြည့်၍ အခြေခံရေးဆွဲနည်းစနစ်ကို နားလည်ရန်၊ ကိုယ်ပိုင်စိတ်ကူးများဖြင့် ပုံများကိုရေးဆွဲဆေးရောင်ခြယ်တတ်ရန်၊ အခြေခံအရောင်များနှင့် အရောင်များရောနှောမှု၏ သဘောသဘာဝကို နားလည်ရန်တို့ ဖြစ်ပါသည်။

လက်မှုနယ်ပယ်ကို သင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ ပတ်ဝန်းကျင်ရှိ သဘာဝပစ္စည်းများကို အသုံးပြု၍ မိမိစိတ်ကူးဖြင့် လက်မှုပစ္စည်းများပြုလုပ်နိုင်ရန် ဖြစ်ပါသည်။


ရသခံစားတန်ဖိုးထားမှု နယ်ပယ်ကို သင်ကြားရခြင်းမှာ မြန်မာ့ရိုးရာအနုပညာလက်ရာများ၏ ထူးခြားချက်ကို နားလည်သဘောပေါက်ရန် ရည်ရွယ်ပါသည်။

အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာသင်ကြားနိုင်ရန် အထူးရည်ရွယ်၍ တတိယတန်းကျောင်းသား၊ ကျောင်းသူများ၏ အသက်အရွယ်နှင့် လိုက်ဖက်သော အတွေးအမြင်၊ တီထွင်ဖန်တီးမှုဆိုင်ရာစွမ်းရည်များကို အစဉ်တစိုက်စေ့ဆော်ပေးနိုင်သည့် သင်ကြားနည်းပုံစံအဆင့်ဆင့်၊ စစ်ဆေးအကဲဖြတ်ခြင်းနည်းလမ်းနှင့် အခြားလိုအပ်မည့် အချက်အလက်များကို ဆရာလမ်းညွှန်စာအုပ်တွင် ရေးသားဖော်ပြထားပါသည်။ သို့ဖြစ်ပါ၍ သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်ပါအကြောင်းအရာများကို ကြိုတင်လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။ အနုပညာ(ပန်းချီ)ဘာသာရပ်ကို သင်ကြားပေးခြင်းဖြင့် ပုံဆွဲခြင်းနှင့် လက်မှုပစ္စည်းများ ပြုလုပ်ခြင်းတို့သည် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပျော်ရွှင်မှုကို ရရှိလာပြီး ကိုယ်တိုင်ပြုလုပ်လိုစိတ်ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။ ထို့ကြောင့် တွေးခေါ်မြော်မြင်မှုများ၊ ကျွမ်းကျင်မှုများ၊ တီထွင်ကြံဆတတ်မှုများရရှိလာအောင် သင်ကြားပေးရပါမည်။ လူအများနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ်၊ မိမိ၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်လိုစိတ်ရှိသော နိုင်ငံ့သားကောင်းများပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါသည်။

DBE Box - Copyright Protected

## (ခ) ဆရာလမ်းညွှန်ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်စာအုပ်၏ ဆရာများအတွက်အမှာစာတွင် ဆရာများက ဆရာလမ်းညွှန်စာအုပ်ကို အသုံးပြု၍ သင်ကြားမှု မစတင်မီ နားလည်သဘောပေါက်ရန် လိုအပ်သောအချက်များကို ရေးသားဖော်ပြထားပါသည်။ သင်ခန်းစာအသီးသီး၏ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်များကို ရေးသားဖော်ပြထားပါသည်။ ဆရာများက သင်ကြားပို့ချချိန်တွင် ဤဆရာလမ်းညွှန်စာအုပ်ရှိ အကြောင်းအရာများကို နမူနာယူရန် တိုက်တွန်းအပ်ပါသည်။ သင်ခန်းစာအသီးသီးကို အောက်တွင်ဖော်ပြထားသကဲ့သို့ အကြောင်းအရာ ၇ခုဖြင့် ဖွဲ့စည်းထားပါသည်။



၄-၃ ကစားစရာ လေထီးပြုလုပ်ခြင်း
စာသင်ချိန် ၂ ချိန်

သင်ယူမှုဦးတည်ချက်
ပလတ်စတစ်အိတ်ဖြင့် ကစားစရာ လေထီးပြုလုပ်

သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
A4 စက္ကူ (ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ဖယောင်းခရောင်စုံ၊ ကတ်ကြေး၊ ပလတ်စတစ်အိတ် (တစ်ဦးလျှင် ၂ အိတ် ... ၅×၉)၊ တိပ်၊ ပလတ်စတစ်ကြိုး (တစ်ပေခွဲအရှည်)၊ ... ကြိုတင်ပြုလုပ်ထားသော လေထီး။

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
ပထမစာသင်ချိန်

နိဒါန်း (၅ မိနစ်)

- ■ လေထဲကို လွှတ်တင်နိုင်တဲ့ ကစားစရာတွေနဲ့ ကစားခဲ့ဖူးသလား၊ ဘယ်လို ကစားစရာတွေလဲဟုမေး၍ နိဒါန်းပျိုးမည်။
- ● လေရဟတ်ပြုလုပ်ကစားခဲ့ဖူးကြောင်းကို ဖြေမည်။
- ■ ကြိုတင်ပြုလုပ်ထားသော လေထီးကို လွှတ်ပြပြီး လေထီးပြုလုပ်ကစားမည်ဖြစ်ကြောင်းပြောမည်။

သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ အုပ်စုများဖွဲ့၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ တစ်ပေခွဲရှည်သောကြိုးစကို တစ်ဦးလျှင် နှစ်ချောင်းစီဝေ၍ ကြိုး ၈ ချောင်းဖြစ်အောင် ခွာထုတ်စေမည်။
- ● ကြိုး ၈ ချောင်းခွဲမည်။
- ■ ပြုလုပ်ပုံ အဆင့်ဆင့်ကို တစ်ဆင့်ချင်းစီ ဆရာနှင့်အတူ လုပ်ဆောင်စေမည်။
- ● ဆရာနှင့်အတူတကွ တစ်ဆင့်ချင်းစီလုပ်ဆောင်မည်။

နိဂုံး (၅ မိနစ်)

- ■ မိမိတို့၏ အမည်ကို စက္ကူတွင်ရေးပြီး ပလတ်စတစ်အိတ်တွင် ပြုလုပ်ထားသောလေထီးနှင့်အတူတကွထည့်၍ ဆရာ့ထံ အပ်နှံစေမည်။

သတိပြုရမည့်အချက်များ

၁ ပလတ်စတစ်အိတ်သည် ကိုင်တွယ်ရန် ခက်ခဲသည့်အတွက် သတိထားကိုင်တွယ် ညှပ်ယူရမည်ဖြစ်ကြောင်း ပြောမည်။

စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပလတ်စတစ်အိတ်ဖြင့် လေထီးကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | လေထီးကို သပ်ရပ်စွာ ပြုလုပ်နိုင်ခြင်း။ |
| B | လေထီးကို ပြုလုပ်နိုင်ခြင်း။ |
| C | လေထီးကို မပြုလုပ်နိုင်ခြင်း။ |

သတိပြုရမည့်အချက်များ

စစ်ဆေးအကဲဖြတ်ခြင်း

၂။ လေထီးကို လွှတ်တင်ခြင်း။

| | |
|---|---|
| A | လေထီးကို ကောင်းစွာ လွှတ်တင်နိုင်ခြင်း။ |
| B | လေထီးကို လွှတ်တင်နိုင်ခြင်း။ |
| C | လေထီးကို မလွှတ်တင်နိုင်ခြင်း။ |

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
ဒုတိယစာသင်ချိန်

နိဒါန်း (၅ မိနစ်)

- ■ ပထမအချိန်တွင် ဆရာ့ထံအပ်နှံထားသည်များကို လာယူစေမည်။ သင်ထောက်ကူပစ္စည်းများကိုလည်း တစ်ပါတည်း ယူဆောင်သွားစေမည်။
- ● မိမိပြုလုပ်ထားသော လေထီးနှင့် သင်ထောက်ကူပစ္စည်းများကို ဆရာ့ထံမှ ယူမည်။

သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ လေထီးအောက်ခြေတွင် ချိတ်ဆွဲနိုင်ရန် A4 စက္ကူတစ်ဝက်ကို အလယ်မှ ခေါက်ပြီး နှစ်ပိုင်းညှပ်ယူမည်။
- ■ ရရှိလာသောတစ်ပိုင်းကို ၅ ကြိမ်ခန့်ခေါက်ထားပြီး သေးငယ်သော အလေးကို ပြုလုပ်မည်။
- ■ အလေးနှင့် လေထီးရှိ ကြိုး ၈ ချောင်းကို တိပ်ဖြင့် ကပ်မည်။ ကျန်ရှိသော A4 စက္ကူတစ်ပိုင်းကို လူရုပ်ပုံ ညှပ်၍ ဆေးရောင်ခြယ်စေမည်။ ဆေးရောင်ခြယ်ထားသောပုံကို အလေးတွင် ခိုင်မြဲစွာ ကပ်ရမည်ဖြစ်ကြောင်း ပြောမည်။
- ■ အပြင်ကိုထွက်ကာ လေထီးကိုခေါက်၍ လွှတ်တင်ပုံ၊ လွှတ်တင်နည်းကို ရှင်းပြမည်။
- ● အပြင်သို့ ထွက်၍ ပြုလုပ်ထားသော လေထီးကို လွှတ်တင်ကစားမည်။

နိဂုံး (၅ မိနစ်)

- ■ ကလေးအချင်းချင်း လေထီးနှင့် ကစားနေသည်ကို ကြည့်၍ ကောင်းသောအချက်များကို အချင်းချင်းပြောစေမည်။ ဥပမာ- သူငယ်ချင်းရဲ့လေထီးက ကောင်းကောင်း ပျံတယ်နော်။ လူရုပ်ပုံကို လေထီးမှာ သေသေချာချာလေး ကပ်ထားတယ်နော်။
- ■ အမှိုက်များကို စနစ်တကျ သိမ်းဆည်းစေမည်။

၃၄ လက်မှုအနုပညာ ၃၅

DBE Box - Copyright Protected

(၁) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

စာသင်ချိန်နှင့်သက်ဆိုင်သည့် ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ၏ စာမျက်နှာကို မိတ္တူကူးယူဖော်ပြထားပါသည်။ သင်ကြားရာတွင် နားလည်ရလွယ်ကူစေရန် နံပါတ်များကို ထည့်သွင်းထားပြီး ထိုနံပါတ်၏ ရှင်းလင်းချက်ကို သတိပြုရန်အချက်များတွင် ဖော်ပြထားပါသည်။

(၂) သင်ခန်းစာခေါင်းစဉ်နှင့်သင်ကြားချိန်

သင်ခန်းစာခေါင်းစဉ်နှင့် သင်ကြားရာတွင် လိုအပ်သောစာသင်ချိန်အရေအတွက်ကို ရေးသားဖော်ပြထားပါသည်။

ဥပမာ- ၄-၃ ကစားစရာ လေထီးပြုလုပ်ခြင်း၊ စာသင်ချိန် ၂ ချိန်

(၃) သင်ယူမှုဦးတည်ချက်

ဆရာများအနေဖြင့် သင်ခန်းစာဦးတည်ချက်ကိုကောင်းစွာနားလည်သဘောပေါက်ပြီး သင်ယူမှုဦးတည်ချက်ပေါက်မြောက်ရန်အတွက် မှန်ကန်သောသင်ကြားမှုပုံစံဖြင့် သင်ကြားပေးရန် အရေးကြီးပါသည်။

(၄) စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုဦးတည်ချက်ပေါက်မြောက်အောင်မြင်မှု ရှိ မရှိကို A, B, C အဆင့် ၃ဆင့်ဖြင့် စစ်ဆေးအကဲဖြတ်ရန် ဖော်ပြထားပါသည်။

ကလေးများ၏သင်ယူတတ်မြောက်မှုအဆင့် အနည်းဆုံး B ရရှိရန် ဆရာက မျှော်မှန်း၍ သင်ကြားပေးရပါမည်။

သင်ခန်းစာတစ်ခု သင်ကြားနေစဉ်နှင့် သင်ကြားပြီးချိန်တို့တွင် သင်ခန်းစာနှင့်လျော်ညီသော စစ်ဆေးအကဲဖြတ်ခြင်းကို ပြုလုပ်ရပါမည်။

ဆရာက ကလေးတစ်ဦးစီနှင့် ပတ်သက်၍ မှတ်သားထားနိုင်ရန် စစ်ဆေးအကဲဖြတ်ခြင်း မှတ်တမ်းစာအုပ်ကို ပြင်ဆင်ထားရပါမည်။

(၅) သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်း

ပန်းချီနှင့် လက်မှုအနုပညာသင်ခန်းစာများသင်ကြားရာတွင် အသုံးပြုရန်လိုအပ်သည့် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို သင်ခန်းစာမစတင်မီ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ သင်ကြားသင်ယူမှုအထောက်ကူပြုပစ္စည်း ၁မျိုး ဖြစ်သည့် ရွှံ့စေးကို ပထမတန်းဆရာလမ်းညွှန်စာအုပ်ပါ ရွှံ့ကြိုတင်ပြင်ဆင်ပုံ အဆင့်ဆင့်ကို ပြန်လည်ကိုးကား၍ ပြင်ဆင်နိုင်ပါသည်။

တတိယတန်းတွင် ရေဆေးသင်ခန်းစာများ သင်ကြားရာ၌ အောက်ပါအချက်များကို သတိထားဆောင်ရွက်ရပါမည်။

- စာသင်ချိန်မစတင်မီ ရေဆေးကို မပျစ်လွန်းမကျဲလွန်းအောင် ဖျော်ထားပြီး ပုလင်း သို့မဟုတ် ရေသန့်ဘူးအခွံများတွင် ကြိုတင်၍ ထည့်ထားရမည်။
- စာသင်ချိန်မစတင်မီ ရေဆေးဖျော်ထားသောခွက်၊ စုတ်တံဆေးရန်ခွက်တို့ကို အုပ်စုအလိုက်ပြင်ဆင်ထားရန် လိုအပ်ပါသည်။
- ရေဆေးဖျော်ရန်ခွက် မလုံလောက်ပါက ရေသန့်ဘူးခွံကိုပိုင်း၍ အသုံးပြုနိုင်သည်။
- စာသင်ချိန်ပြီးဆုံးပါက လက်ဆေးရန်အတွက် ရေကိုကြိုတင်ပြင်ဆင်ထားရမည်။
- စာရေးစားပွဲများ မညစ်ပတ်စေရန် ပြက္ခဒိန်အဟောင်း သို့မဟုတ် သတင်းစာများကို ကြိုတင်ပြင်ဆင်ထားရမည်။
- စုတ်တံအသုံးပြုရာ၌ လိုအပ်မည့် အဝတ်စကို ကလေးများ အိမ်မှယူဆောင်လာစေမည်။
- အသုံးပြုပြီးသောရေဆေးစုတ်တံတို့ကို စင်ကြယ်စွာဆေးကြောပြီးနောက် သိမ်းဆည်းမည်။



DBE Box - Copyright Protected

(၆) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် အပိုင်း ၃ ပိုင်းရှိပါသည်။ နိဒါန်း၊ သင်ခန်းစာဖြစ်စဉ် နှင့် နိဂုံးတို့ဖြစ်ပါသည်။ ဆရာနှင့်ကလေးများ၏ နှစ်ဦးနှစ်ဖက်သင်ကြားသင်ယူမှုပုံစံဖြင့် တင်ပြထားခြင်းဖြစ်ပါသည်။ ဆရာ၏လုပ်ဆောင်မှုကို ■သင်္ကေတဖြင့်လည်းကောင်း၊ ကလေး၏ လုပ်ဆောင်မှုကို ●သင်္ကေတဖြင့်လည်းကောင်း အမှတ်အသားပြု ဖော်ပြထားပါသည်။ ထိုအပိုင်း ၃ ပိုင်းစလုံးတွင် ကလေးများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း၊ ခံစားသိရှိခြင်း၊ တီထွင်ဖန်တီးပြီး ထုတ်ဖော်တင်ပြခြင်းများကို အထောက်အကူပြုနိုင်သည့် မေးခွန်းများမေးခြင်း၊ လုပ်ငန်းများပေးခြင်း၊ ကူညီပံ့ပိုးပေးခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်းများပြုလုပ်နိုင်မည့် ညွှန်ကြားချက်များပေးထားပါသည်။ ပန်းချီ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှု နယ်ပယ် ၃ ရပ်ပါ သင်ခန်းစာများကိုသင်ကြားရာတွင် အသုံးပြုနိုင်သည့်သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များကို နမူနာအဖြစ်တင်ပြထားပါသည်။

(၇) သတိပြုရမည့်အချက်များ

ဤအပိုင်းကဏ္ဍတွင် သင်ခန်းစာသင်ကြားနေစဉ် လိုက်နာရမည့်အချက်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနည်းများကို ဖော်ပြထားပါသည်။ ကျောင်းသုံးစာအုပ်မိတ္တူပါ နံပါတ်တပ်ထားသောဓာတ်ပုံများ၊ ပန်းချီများနှင့် ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာ၌ သတိပြုလိုက်နာရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။

## ၂။ သင်ကြားချိန်ခွဲဝေမှုဇယား

မူလတန်းအဆင့် တတိယတန်း အနုပညာ(ပန်းချီ) ဘာသာရပ်စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ နမူနာဇယားကို အခြေခံ၍ ကျောင်းအသီးသီးရှိ စာသင်ချိန်၊ ကျောင်းတွင်းလှုပ်ရှားမှုများအလိုက် ညှိနှိုင်းဆောင်ရွက်နိုင်ပါသည်။

| လ | နယ်ပယ် | အခန်း | သင်ခန်းစာ | သင်ချိန် |
|---|---|---|---|---|
| ဇွန် | ပန်းချီ | အခန်း(၁)<br>အခြေခံပုံဆွဲပညာဖြင့် အရာဝတ္ထုများကို ကြည့်ရှုရေးဆွဲခြင်း | ၁-၁<br>အခြေခံမျဉ်းများကို ပြန်လည်လေ့ကျင့်ခြင်း | ၁ |
| | | | ၁-၂<br>ပုံသဏ္ဍာန်များကို မှန်းဆ၍ ရေးဆွဲခြင်း | ၁ |
| | | | ၁-၃<br>အရာဝတ္ထုများကို ကြည့်ရှုရေးဆွဲခြင်း | ၁ |
| | ပန်းချီ | အခန်း(၃)<br>ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း | ၃-၁<br>စိတ်ကူးဖြင့် ရုပ်ပုံများဖြည့်စွက်ရေးဆွဲခြင်း | ၁ |
| ဇူလိုင် | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၁<br>ပလတ်စတစ်ဘူးခွံကို အသုံးပြု၍ ခွက်ပြုလုပ်ခြင်း | ၁ |
| | ပန်းချီ | အခန်း(၃)<br>ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း | ၃-၂<br>မိမိနေထိုင်ချင်သောအိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း | ၁ |
| | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၄<br>စက္ကူကို ခေါက်ချိုး၍ ကစားစရာပြုလုပ်ခြင်း | ၁ |
| | ပန်းချီ | အခန်း(၃)<br>ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း | ၃-၃<br>ချစ်ခင်သောသူများ၏ ရုပ်ပုံများရေးဆွဲခြင်း | ၁ |
| ဩဂုတ် | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၇<br>စက္ကူငှက်ပြုလုပ်ခြင်း | ၁ |
| | ပန်းချီ | အခန်း(၃)<br>ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း | ၃-၄<br>ရုပ်ပုံများကို ပူးပေါင်းဖန်တီးရေးဆွဲခြင်း | ၂ |
| ဩဂုတ်<br>စက်တင်ဘာ | လက်မှု | အခန်း(၄)<br>လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၂<br>စက္ကူညှပ်၍ ရုပ်ကြွ (Pop-up)များ ပြုလုပ်ခြင်း | ၂ |

DRE Box - Copyright Protected

| လ | နယ်ပယ် | အခန်း | သင်ခန်းစာ | သင်ချိန် |
|---|---|---|---|---|
| စက်တင်ဘာ | လက်မှု | အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၈ ရုပ်ပုံကို လျှို့ဝှက်ပြီး ကစားစရာဖန်တီးခြင်း | ၁ |
| | | | ၄-၆ ရွှံ့ရုပ်ပြုလုပ်ခြင်း | ၁ |
| | ပန်းချီ | အခန်း(၂) အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘောသဘာဝတို့ကို သိရှိခြင်း | ၂-၁ ရေဆေးနှင့် စုတ်တံအသုံးပြုခြင်း | ၁ |
| အောက်တိုဘာ | ပန်းချီ | အခန်း(၂) အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘောသဘာဝတို့ကို သိရှိခြင်း | ၂-၂ အရောင်များကို ရောစပ်ခြင်း | ၁ |
| | | | ၂-၃ အခြေခံအရောင်နှင့် ဒုတိယအရောင်များကို လေ့လာခြင်း | ၁ |
| | ရသခံစားတန်ဖိုးထားမှု | အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၂-၁ ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးစောမောင် | ၁ |
| နိုဝင်ဘာ | ပန်းချီ | အခန်း(၂) အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘောသဘာဝတို့ကို သိရှိခြင်း | ၂-၄ ရေဆေးဖြင့် ပုံကူးယူခြင်း | ၁ |
| | လက်မှု | အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၃ ကစားစရာ လေထီးပြုလုပ်ခြင်း | ၂ |
| | ရသခံစားတန်ဖိုးထားမှု | အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၁ မြန်မာ့ပန်းတော့ပညာကို လေ့လာခြင်း | ၁ |
| ဒီဇင်ဘာ | လက်မှု | အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၅ ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ပန်းချီကားဖန်တီးခြင်း | ၂ |
| ဇန်နဝါရီ | လက်မှု | အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း | ၄-၉ သစ်ကိုင်းကို အလှဆင်ခြင်း | ၂ |
| | ရသခံစားတန်ဖိုးထားမှု | အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၂-၂ ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးငွေကိုင် | ၁ |
| | | | စာသင်ချိန်စုစုပေါင်း | ၂၈ |
| မှတ်ချက် - စာသင်ချိန် ၂၈ ချိန်၊ အရန်စာသင်ချိန် ၈ ချိန်၊ စုစုပေါင်း ၃၆ ချိန် | | | | |



DHE Box - Copyright Protected

## ၃။ ထိရောက်သော သင်ကြားမှု

တတိယတန်း အနုပညာ(ပန်းချီ)ဘာသာရပ်ကို သင်ကြားမှုနယ်ပယ် ၃ ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ ၄င်းတို့မှာ ပန်းချီအနုပညာ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှုတို့ဖြစ်ပါသည်။ အသီးသီးသောနယ်ပယ်များရှိ ရည်ရွယ်ချက်ကိုပေါက်မြောက်ရန်အတွက် ပန်းချီအနုပညာနယ်ပယ်တွင် ပုံသဏ္ဍာန်နှင့် အရောင်၏ အခြေခံများကို နားလည်ပြီး ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၏ ပုံသဏ္ဍာန်အမျိုးမျိုးကို ရေးဆွဲနိုင်အောင် လမ်းညွှန်ပေးရမည်။

လက်မှုအနုပညာနယ်ပယ်တွင် လက်၊ လက်ချောင်းနှင့် ကိရိယာများကို ကျွမ်းကျင်စွာအသုံးပြု၍ လက်မှုလုပ်ငန်းများကို တီထွင်ဖန်တီးလုပ်ဆောင်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိအောင် လမ်းညွှန်ပေးရမည်။

ရသခံစားတန်ဖိုးထားမှုနယ်ပယ်တွင် မြန်မာ့ရိုးရာအနုပညာနှင့် လက်ရာများကို လေ့လာခံစားပြီး မိမိနိုင်ငံ၏အနုပညာလက်ရာများကို တန်ဖိုးထားသည့်စိတ်ဖြစ်ပေါ်လာစေရန် လမ်းညွှန်ပေးရမည်။

အနုပညာ(ပန်းချီ) ဘာသာရပ်ကို သင်ကြားရာတွင် ထိရောက်မှုရှိစေရန် ဆရာလမ်းညွှန်ပါ အကြောင်းအရာများကို ကြိုတင်လေ့လာပြီး လိုအပ်သောသင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ နိဒါန်းပိုင်းတွင် ဆရာကသင်ကြားမည့် သင်ခန်းစာနှင့် ကလေးများအကျွမ်းတဝင်ရှိသော အကြောင်းအရာများကို ဆက်စပ်၍ မေးခွန်းမေး၍ဖြစ်စေ ကလေးများက သင်ခန်းစာကို စိတ်ပါဝင်စားလာစေရန် ဆောင်ရွက်မည်။

သင်ခန်းစာဖြစ်စဉ်အပိုင်းတွင် ပြုလုပ်ပုံအဆင့်ဆင့်တို့ကို ကလေးများ နားလည်သည်အထိတစ်ဆင့်ချင်းစီ အချိန်ပေး၍ ရှင်းပြရမည်။ နမူနာကို ပြုလုပ်ပြသချိန်တွင် ကလေးများအားလုံးမြင်နိုင်သော အရွယ်အစားဖြင့် ပြုလုပ်ပြရမည်။ သို့မှသာ ကလေးများရှင်းလင်းစွာ မြင်နိုင်ပြီး နားလည်သဘောပေါက်မည်ဖြစ်သည်။ အတန်းတွင်းလှည့်လည်ကြည့်ရှုပြီး ကောင်းစွာမပြုလုပ်နိုင်သော ကလေးများအား ကူညီပေးခြင်း၊ ကောင်းစွာပြုလုပ်နိုင်သောကလေးများ၏ လက်ရာများကို ချီးကျူး၍ မိတ်ဆက်ပေးခြင်းများ ပြုလုပ်ပေးရမည်။ ကလေးများက မိမိတို့၏ လက်ရာများကို ကိုယ်တိုင်စဉ်းစား၍ ပြုလုပ်ခြင်းဖြင့် စဉ်းစားနိုင်စွမ်းနှင့် ဖန်တီးနိုင်စွမ်းတို့ကို ပျိုးထောင်နိုင်မည်ဖြစ်ပါသည်။ ကလေးများ ပျော်ရွှင်စွာ သင်ယူနိုင်မှသာ ပန်းချီကို နှစ်သက်ပြီး အနုပညာကို ချစ်မြတ်နိုးသည့်စိတ်၊ ဆက်လက်သင်ယူလိုသည့်စိတ်တိုးပွားလာမည်ဖြစ်သည်။

ဆရာလမ်းညွှန်ရှိ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ၏ အသုံးပြုပုံနှင့် သတိပြုရမည့်အချက်များတွင် ရေးသားထားသော အကြောင်းအရာများကို ဆရာက သေချာစွာ နားလည်ပြီး ကလေးများကို ရှင်းပြပေးခြင်းသည် ထိရောက်သော သင်ကြားသင်ယူမှုဖြစ်ရန် အရေးပါသည်။ အထူးသဖြင့် ကတ်ကြေး၏ အသုံးပြုပုံ၊ အသုံးပြုနည်းများကို အန္တရာယ်ကင်းရေးအတွက် သတိပြု၍ သင်ကြားပေးရန် လိုအပ်ပါသည်။

နိဂုံးအပိုင်းတွင် ဆရာက သင်ခန်းစာကို အဆုံးသတ်ပြီး ကလေးများက လက်ရာများနှင့် ပတ်သက်၍ ရှင်းပြခြင်း၊ ကလေးအချင်းချင်း လေ့လာပြီး ကောင်းသောအချက်များကို ရှာဖွေစေခြင်း၊ သူငယ်ချင်း၏ လုပ်ဆောင်မှုကိုကြည့်၍ လေ့လာစေခြင်းတို့သည်လည်း အရေးကြီးပါသည်။ ထို့နောက်ကလေးများအား အသုံးပြုပြီးသော သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများကို စနစ်တကျသိမ်းဆည်းသည့် အလေ့အကျင့်ရစေရန် လမ်းညွှန်ပေးရမည်။

DBE Box - Copyright Protected

## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

တတိယတန်းအနုပညာ(ပန်းချီ) ဘာသာရပ်တွင် ရည်ရွယ်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကျွမ်းကျင်မှုပိုင်းနှင့် စိတ်ကူးအတွေးအမြင်ပိုင်းဟူ၍ တွေ့ရှိရပါမည်။ ရုပ်ပုံများကို ရေးဆွဲသောအခါမျဉ်းကြောင်းများကို ပြေပြစ်ချောမွေ့စွာရေးဆွဲနိုင်မှု၊ ဆေးရောင်ခြယ်ရာတွင် သန့်ရှင်းသပ်ရပ်စွာ ဆေးခြယ်နိုင်မှုတို့သည် ကျွမ်းကျင်မှုဆိုင်ရာ အကဲဖြတ်ခြင်းတို့ဖြစ်ပါသည်။ ရေးဆွဲထားသောပုံများ၊ ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ရှင်းပြခြင်းနှင့် ပြန်လည်တင်ပြခြင်းတို့သည် စိတ်ကူးအတွေးအမြင်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းများဖြစ်ပါသည်။ သင်ခန်းစာအလိုက် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသည့်ဇယားကို Rubric နမူနာအဖြစ် အောက်တွင်ဖော်ပြထားပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာဦးတည်ချက်ကို အခြေခံ၍သင်ခန်းစာအားလုံး၏ စစ်ဆေးအကဲဖြတ်ခြင်းပုံစံကို ဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်ရာ၌ ကလေးများ၏ သင်ယူမှုဦးတည်ချက်ပေါက်မြောက်မှု အဆင့်ဆင့်ကို အကဲဖြတ်ခြင်းသည် အလွန်အရေးကြီးပါသည်။ ဥပမာ-သင်ယူမှုဦးတည်ချက်ပေါက်မြောက်ခြင်းမရှိသော ကလေးများရှိပါက B အဆင့်ရောက်အောင် ဆရာက စာသင်ချိန်အတွင်းတွင် ကူညီလုပ်ဆောင်ပေးရမည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ကလေးများအားလုံး သင်ယူမှုဦးတည်ချက်ပေါက်မြောက်အောင်မြင်နိုင်မည်ဖြစ်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း နမူနာပုံစံ

| သင်ခန်းစာ | အခန်း (၃) သင်ခန်းစာ (၂)<br>မိမိနေထိုင်ချင်သော အိမ်နှင့်ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း | | |
|---|---|---|---|
| သင်ယူမှုဦးတည်ချက် | မိမိနေထိုင်ချင်သော အိမ်နှင့်ပတ်ဝန်းကျင်ကို စဉ်းစား၍ ရေးဆွဲရှင်းပြတတ်ရန်။ | | |
| စစ်ဆေးမည့်အချက် | ကောင်း | သင့် | ထပ်မံကြိုးစားရန် |
| မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း။ (ကျွမ်းကျင်မှု) | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို အသေးစိတ် စုံလင်စွာ ရေးဆွဲနိုင်ခြင်း။ | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲနိုင်ခြင်း။ | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို မရေးဆွဲနိုင်ခြင်း။ |
| ရေးဆွဲထားသော အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို ရှင်းပြခြင်း။ (စိတ်ကူးပုံဖော်မှု) | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို အသေးစိတ် ရှင်းပြနိုင်ခြင်း။ | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို ရှင်းပြနိုင်ခြင်း။ | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို မရှင်းပြနိုင်ခြင်း။ |

DBEBox - Copyright Protected

### ကျွမ်းကျင်မှုနှင့်ပတ်သက်၍ စစ်ဆေးခြင်းနမူနာ

| စစ်ဆေးမည့်အချက် | A. ကောင်း | B. သင့် |
|---|---|---|
| မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း။ (ကျွမ်းကျင်မှု) | <br>အရောင်ခြယ်ခြင်းနှင့် ပတ်ဝန်းကျင်ကို အသေးစိတ် ရေးဆွဲနိုင်ခြင်း။ | <br>အရောင်ခြယ်ခြင်းနှင့် ပတ်ဝန်းကျင်ကို ရေးဆွဲနိုင်ခြင်း။ |

# အနုပညာ(ပန်းချီ)စာအုပ်တွင် အသုံးပြုမည့်ပစ္စည်းများ


**ပန်းချီဆွဲရန် သုံးသောပစ္စည်း**

 A4 စက္ကူ

 ဖယောင်းရောင်စုံ


 ရေဆေး

 ဆေးစပ်ခွက်

 ရေဆေးဖျော်ရန်ခွက်

 စုတ်တံ


 စုတ်တံဆေးရန်ခွက်

 သွားတိုက်တံ

 အဝတ်စ

 ဆော့ပင်

**လက်မှုတွင် သုံးမည့်ပစ္စည်း**

 ရောင်စုံစက္ကူ


 သတင်းစာ


 ရွှံ့

 ပလတ်စတစ်ကြိုး


 ပလတ်စတစ်အိတ်

 ရေသန့်ဘူးခွံ

 ကတ်ထူစက္ကူ

 သစ်ကိုင်းခြောက်

**လက်မှုတွင် သုံးမည့်ကိရိယာ**

 ကတ်ကြေး

 ကော်

 တိပ်

DRE Box Copyright Protected

# ၁-၁ အခြေခံမျဉ်းများကို ပြန်လည်လေ့ကျင့်ခြင်း

**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

အနားသတ်မျဉ်းအတိုင်းမျဉ်းဖြောင့်၊ မျဉ်းကောက်(မျဉ်းခုံး၊ မျဉ်းခွက်)တို့ကို ရေးဆွဲတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက် (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ အောက်ပါမေးခွန်းကိုမေး၍ နိဒါန်းပျိုးပါမည်။
ဘယ်လိုမျဉ်းတွေ ဆွဲဖူးသလဲ။

● မျဉ်းဖြောင့်၊ မျဉ်းကောက်စသည်ဖြင့် ရေးဆွဲဖူးသော မျဉ်းအမျိုးအစားများကို ဖြေမည်။

■ ယနေ့သင်ခန်းစာက လက်၏အနားသတ်မျဉ်းကိုလိုက်ပြီး မျဉ်းဖြောင့်၊ မျဉ်းကောက်တို့ကို လေ့ကျင့်ရေးဆွဲမည် ဖြစ်ကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကျောင်းသားဦးရေအရ ကလေးများကို အုပ်စုဖွဲ့ပေးမည်။ ထို့နောက် A4 စက္ကူများကို အုပ်စုအလိုက်ဝေပေးမည်။


■ မိမိ၏ လက်ကို သင်ပုန်းပေါ်တင်၍ကူးဆွဲပြမည်။

■ A4 စက္ကူတစ်ဝက်တွင် လက်ကိုတင်၍ ကူးရေးစေမည်။

● မိမိတို့ လက်၏အနားသတ်မျဉ်းကို A4 စက္ကူတစ်ဝက်တွင် ကူးယူမည်။

■ သင်ပုန်းပေါ်တွင် ကလေးများအားလုံးမြင်နိုင်မည့် အရွယ်အစားရှိသောလက်ပုံကို ထပ်မံရေးဆွဲပြမည်။ အောက်ပါပုံအတိုင်းမျဉ်းခုံး၊ မျဉ်းဖြောင့်တို့ကို ရေးဆွဲပြမည်။ ထိုကဲ့သို့ ရေးဆွဲရာ၌ လက်ပုံ၏ အပြင်ဘက်တွင် မျဉ်းဖြောင့်၊ အတွင်းဘက်တွင် မျဉ်းကောက် (မျဉ်းခုံး၊ မျဉ်းခွက်)ကို ရေးဆွဲရကြောင်း ရှင်းပြမည်။

အနားသတ်မျဉ်း




● သင်ပုန်းပေါ်တွင်ရေးဆွဲထားသော နမူနာကိုကြည့်၍ လက်၏ အနားသတ်မျဉ်းအတိုင်း မျဉ်းဖြောင့်၊ မျဉ်းကောက် (မျဉ်းခုံး) ရေးဆွဲမည်။

■ ကလေးများလုပ်ဆောင်နေသည်ကိုကြည့်၍ လိုအပ်ပါက ကူညီပံ့ပိုးပေးမည်။

**အခန်း(၁)** **အခြေခံပုံဆွဲပညာဖြင့် အရာဝတ္ထုများကို ကြည့်ရှုရေးဆွဲခြင်း**

**သင်ခန်းစာ(၁) အခြေခံမျဉ်းများကို ပြန်လည်လေ့ကျင့်ခြင်း**




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ
၁



ဖယောင်းရောင်စုံ

## သတိပြုရမည့်အချက်များ

၁ အနားသတ်မျဉ်းကို ရေးဆွဲရာတွင် လက်ပုံပေါ်လွင်အောင် အပေါ်မှထပ်၍ ရေးဆွဲရမည်။

၂ မျဉ်းတစ်ကြောင်းနှင့် တစ်ကြောင်းမထပ်အောင် သတိပြုရေးဆွဲရမည်။


၃ အနားသတ်မျဉ်းနှစ်ခုအတွင်းတွင် မျဉ်းကောက် (မျဉ်းခုံး၊ မျဉ်းခွက်)တစ်ခုသာရှိရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ အနားသတ်မျဉ်းနှင့် မျဉ်းဖြောင့်၊ မျဉ်းကောက် (မျဉ်းခုံး၊ မျဉ်းခွက်)များကို ရေးဆွဲခြင်း။

| | |
|---|---|
| A | အနားသတ်မျဉ်းနှင့် မျဉ်းဖြောင့်၊ မျဉ်းကောက်တို့ကို တိကျမှန်ကန်စွာဆွဲနိုင်ခြင်း။ |
| B | အနားသတ်မျဉ်းနှင့် မျဉ်းဖြောင့်၊ မျဉ်းကောက်တို့ကို ဆွဲနိုင်ခြင်း။ |
| C | အနားသတ်မျဉ်းနှင့် မျဉ်းဖြောင့်၊ မျဉ်းကောက်တို့ကို မဆွဲနိုင်ခြင်း။ |

DBE Book Copyright Protected




## သတိပြုရမည့်အချက်များ

၄ အနားသတ်မျဉ်းအတိုင်း ရေးဆွဲရမည်။ မည်သည့်အသေးစိတ်မှ ထည့်မရေးဆွဲရန် သတိပေးရမည်။ (ဥပမာ-အိမ်ပုံဆွဲပါက ပြတင်းပေါက်များ၊ တံခါးပေါက်များ ထည့်ရန်မလိုပါ။)

## စစ်ဆေးအကဲဖြတ်ခြင်း


၂။ မျဉ်းကောက် (မျဉ်းခုံး၊ မျဉ်းခွက်)များကို အသုံးပြု၍ ပုံများကို ရေးဆွဲခြင်း။

| | |
|---|---|
| A | မျဉ်းကြောင်းများကို အကွာအဝေးညီညာစွာဖြင့် မထပ်မထိအောင် ရေးဆွဲနိုင်ခြင်း။ |
| B | မျဉ်းကြောင်းများကို မထပ်မထိအောင် ရေးဆွဲနိုင်ခြင်း။ |
| C | မျဉ်းကြောင်းများကို မထပ်မထိအောင် မရေးဆွဲနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ ထပ်မံ၍အရာဝတ္ထုများ၏ အနားသတ်မျဉ်းကို မျဉ်းကောက် ရေးဆွဲခြင်းအားဖြင့် စိတ်ဝင်စားဖွယ်ကောင်းသော ပုံများဖြစ်ပေါ်လာကြောင်းကို ရှင်းပြမည်။
- ■ သင်ပုန်းပေါ်တွင် အရာဝတ္ထုတစ်ခုကိုရေးဆွဲ၍ မျဉ်းကောက် (မျဉ်းခွက်)၊ မျဉ်းဖြောင့်တို့ကို ရေးဆွဲပြမည်။ (ဥပမာ-ရေခွက်၊ ရေဘူး၊ ခဲတံ)



- ■ ဖယောင်းရောင်စုံများကို ဝေပေးမည်။
- ■ ကလေးများကို မိမိတို့ရေးဆွဲချင်သည့် အရာဝတ္ထုတစ်ခုအား ရေးဆွဲစေပြီး ထိုပုံတွင် မျဉ်းကောက် (မျဉ်းခုံး သို့မဟုတ် မျဉ်းခွက်)နှင့် မျဉ်းဖြောင့်တို့ကို ခဲတံ သို့မဟုတ် ဖယောင်းရောင်စုံတို့ဖြင့် ရေးဆွဲစေမည်။
- ● ကလေးများက ကြိုက်နှစ်သက်ရာ အရာဝတ္ထုတစ်ခုကို စဉ်းစား၍ ရေးဆွဲမည်။
- ■ ပုံကို ရေးဆွဲပြီးပါက မိမိအမည်ကို ပုံ၏ ညာဘက်အောက်ထောင့်တွင် ရေးစေမည်။

## နိဂုံး (၅ မိနစ်)

- ■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်သည့်အရာရေးထားသည်ကို ပုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစေမည်။
- ● အချင်းချင်းမည်ကဲ့သို့သောပုံ ရေးထားသည်ကို ရှင်းပြမည်။
- ■ ထိုသို့ရှင်းပြနေစဉ် ဆရာက လှည့်လည်ကြည့်ရှုစစ်ဆေးမည်။

DBE Box – Copyright Protected

# ၁–၂ ပုံသဏ္ဍာန်များကို မှန်းဆ၍ ရေးဆွဲခြင်း

**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

အရာဝတ္ထုများကို ကိုင်တွယ်မှန်းဆကာ ရေးဆွဲနိုင်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ဖယောင်းရောင်စုံ၊ ပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ်အိတ်အမည်းအထူ၊ ကလေးများကိုင်ကြည့်စေမည့် ပစ္စည်းများ ဥပမာ-ကျောက်ခဲ၊ ဆေးပုလင်းအသေးစသည်ဖြင့် ပစ္စည်း ၃၊ ၄ ခု။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ကလေးများကို မျက်စိမှိတ်စေပြီး စားပွဲခုံပေါ်ရှိ ပစ္စည်းများကို ကိုင်တွယ်ကြည့်စေမည်။ ထို့နောက်ဘယ်လိုခံစားရသလဲဟု မေးမည်။

● စားပွဲပေါ်ရှိပစ္စည်းများကို မျက်စိမှိတ်ပြီး ကိုင်ကြည့်ကာ လွတ်လပ်စွာ ပြောမည်။

■ မျက်စိဖြင့် မကြည့်ဘဲ အရာဝတ္ထုကို ကိုင်တွယ်၍ ရေးဆွဲရမည်ဖြစ်ကြောင်း ပြောပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**


■ ကျောင်းသားဦးရေအရ ကလေးများကို အုပ်စုဖွဲ့ပေးပြီး သင်ထောက်ကူပစ္စည်းများကို အုပ်စုအလိုက်ဝေပေးမည်။

■ အုပ်စုတစ်စုစီခေါ်၍ အုပ်စုဝင်များအား နံပါတ်ရေးထားသည့် ပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ်အိတ်အမည်းအထူကို လွတ်လပ်စွာ ရွေးချယ်စေမည်။ ထို့နောက် အတွင်းရှိအရာဝတ္ထုကို မျက်စိမှိတ်ကိုင်စေပြီး ပုံသဏ္ဍာန်နှင့် အထိအတွေ့ကို လက်ချောင်းများဖြင့် ခံစားစေမည်။

■ မိမိကိုင်ကြည့်ခဲ့သည့် ပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ်အိတ်အမည်းအထူမှ နံပါတ်ကို စက္ကူထောင့်တွင် ရေးစေပြီး၊ ကိုင်တွယ်ကြည့်ခဲ့သည့် ပစ္စည်း၏ပုံကို စဉ်းစား၍ ရေးစေမည်။ ကြိုက်နှစ်သက်ရာအရောင်ကို ခြယ်စေမည်။

● မိမိတို့ကိုင်တွယ်ခဲ့သည့်ပစ္စည်းကိုမှန်းဆ၍ ရေးဆွဲအရောင်ခြယ်မည်။

■ ပုံကို ရေးဆွဲအရောင်ခြယ်ပြီးပါက မိမိအမည်ကို ပုံ၏ ညာဘက်အောက်ထောင့်တွင် ရေးစေမည်။ ပုံရေးဆွဲရသည့် အကြောင်းအရင်း (ပုံသဏ္ဍာန်နှင့် ခံစားမှု)ကို စာအနည်းငယ်ဖြင့် ရေးသားရှင်းပြစေမည်။




**သတိပြုရမည့်အချက်များ**

၁ အတွင်းရှိ အရာဝတ္ထုကို မမြင်နိုင်အောင် စီစဉ်ထားရမည်။

၂ မိမိတို့ကိုင်တွယ်ကြည့်သည့် ပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ်အိတ်အမည်းအထူမှ နံပါတ်ကို မှတ်သားစေမည်။ အပြင်သို့ထုတ်မကြည့်ရန် ပြောမည်။

၃ ပုံအကြီးတစ်ပုံတည်းသာ ဆွဲစေမည်။


၄ အရောင်ကိုစဉ်းစားပြီးလွတ်လပ်စွာရေးဆွဲစေမည်။ အရာဝတ္ထု၏ ပင်ကိုအရောင်နှင့် ကွဲပြား၍လည်းရသည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အရာဝတ္ထုကို စမ်း၍ ထိတွေ့ခံစားရသည့်အတိုင်း ပုံကိုရေးဆွဲခြင်း။

| | |
|---|---|
| A | ထိတွေ့ခံစားမှုအတိုင်း ပေါ်လွင်အောင် ရေးဆွဲနိုင်ခြင်း။ |
| B | ထိတွေ့ခံစားမှုအတိုင်း ရေးဆွဲနိုင်ခြင်း။ |
| C | ထိတွေ့ခံစားမှုအတိုင်း မရေးဆွဲနိုင်ခြင်း။ |

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

၁ အတွင်းရှိအရာဝတ္ထုကို ခန့်မှန်းခြင်းသာမက ထိတွေ့ခံစားမှု (ကြမ်းခြင်း၊ချောခြင်း၊ ဝိုင်းခြင်း၊ ရှည်ခြင်းစသည်ဖြင့်)ကို ပြောရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပုံသဏ္ဌာန်နှင့် ခံစားမှုကို ရှင်းပြခြင်း။

| | |
|---|---|
| A | ပုံသဏ္ဌာန်နှင့် ခံစားမှုကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| B | ပုံသဏ္ဌာန်နှင့် ခံစားမှုကို ရှင်းပြနိုင်ခြင်း။ |
| C | ပုံသဏ္ဌာန်နှင့် ခံစားမှုကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ အုပ်စုအတွင်း ကလေးအချင်းချင်းမိမိတို့ ရေးဆွဲထားသည့် ပုံကို ပြသစေပြီး အဘယ်ကြောင့်ထိုပုံရေးခဲ့သည်ကို ပြောစေမည်။
- ● ရေးဆွဲရသည့်အကြောင်းအရင်းကို ပြောမည်။

  ဥပမာ-လုံးလုံးလေးနဲ့ မာမာလေးဖြစ်လို့ ပန်းသီးပုံဆွဲခဲ့တယ်။

## နိဂုံး (၅ မိနစ်)

- ■ ပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ်အိတ် အမည်းအထူ နံပါတ်(၁)အတွင်းကို ကိုင်တွယ်စမ်းသပ်ကြည့်ခဲ့သည့် ကလေးများအား ၄င်းတို့ ရေးဆွဲထားသည့် ပုံကို မြှောက်၍ ပြသစေမည်။
- ■ ပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ်အိတ် အတွင်းရှိ အရာဝတ္ထုကိုပြ၍ ကလေးများအား မိမိတို့ရေးဆွဲထားသောပုံနှင့် တူ မတူကို တိုက်ကြည့်စေမည်။
- ● ပျော်ရွှင်စွာ အဖြေတိုက်ကြမည်။
- ■ ကျန်ရှိသောပုံး သို့မဟုတ် စက္ကူအိတ် သို့မဟုတ် ပလတ်စတစ် အိတ်များကိုလည်း ပုံစံတူပြုလုပ်၍ အဖြေတိုက်မည်။

DBE Box - Copyright Protected

# ၁-၃ အရာဝတ္ထုများကို ကြည့်ရှုရေးဆွဲခြင်း
**စာသင်ချိန် ၁ ချိန်**

## သင်ယူမှုဦးတည်ချက်
အရာဝတ္ထုပစ္စည်းများကို ကြည့်၍ရေးဆွဲပြီး ရှင်းပြတတ်ရန်။


## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ၊ အရာဝတ္ထု
ဥပမာ-ထမင်းချိုင့်၊ ကွန်ပါဘူး၊ ခြင်းတောင်း၊ ပန်းအိုး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း (၅ မိနစ်)**

- ■ ပြီးခဲ့တဲ့စာသင်ချိန်တုန်းက အရာဝတ္ထုတွေကို လက်ဖြင့်စမ်းကြည့်ပြီး ရုပ်ပုံတွေကို ခန့်မှန်းပြီး ဆွဲခဲ့တာမှတ်မိသလား။ ဆွဲတဲ့အခါ ဘယ်လိုခံစားရသလဲဟု မေးမည်။
- ● လက်ဖြင့်စမ်းသပ်ပြီး ခန့်မှန်းရေးဆွဲရတဲ့အတွက် ပျော်ပါတယ်။ စိတ်ဝင်စားပါတယ်စသည်ဖြင့် အမျိုးမျိုးဖြေကြမည်။
- ■ အရာဝတ္ထုပစ္စည်းတွေကို အနီးစပ်ဆုံးတူအောင် ဘယ်လိုရေးဆွဲကြမလဲဟု မေးမည်။
- ● ကြည့်ပြီးဆွဲမည်။ ထပ်ပြီးဆွဲမည် . . . စသည်ဖြင့် ဖြေဆိုကြမည်။
- ■ အရာဝတ္ထုပစ္စည်းတွေကို ကြည့်ပြီး ဆွဲကြည့်ကြမယ်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျောင်းသားဦးရေအရ ကလေးများကို အုပ်စုဖွဲ့ပေးမည်။ အုပ်စုတစ်စုတွင် ကျား၊ မ ဦးရေ အချိုးမျှတပါက ပို၍ကောင်းပါသည်။
- ■ အုပ်စုခေါင်းဆောင်မှတစ်ဆင့် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ဝေပေးမည်။
- ■ ရွေးချယ်ထားသော ပစ္စည်းတစ်ခုစီကို စားပွဲအလယ်၌ နေရာချမည်။ ဥပမာ- ထမင်းချိုင့်၊ ခြင်းတောင်း။
- ■ အုပ်စုအသီးသီးအား မရေးဆွဲမီ စားပွဲအလယ်ရှိ အရာဝတ္ထုပစ္စည်း၏ ထူးခြားချက်ကို မေးမည်။ (ဥပမာ- ထမင်းချိုင့်ကို ရေးဆွဲသောအဖွဲ့ဖြစ်ပါက ထူးခြားချက်မှာ အဆင့်ဆင့်ထပ်ထားသော အဝိုင်းပုံချိုင့် ဖြစ်သည်။)
- ■ စားပွဲပေါ်ရှိအရာဝတ္ထုပစ္စည်းကို ကြည့်၍ရေးဆွဲစေမည်။
- ● ပေးထားသော အရာဝတ္ထုပစ္စည်းကို ကြည့်၍ ရေးဆွဲမည်။
- ■ အုပ်စုများကို လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။
- ■ ရေးဆွဲပြီးရုပ်ပုံကို ဆေးရောင်ခြယ်စေမည်။
- ■ ပုံကို ရေးဆွဲပြီးပါက မိမိအမည်ကို ပုံ၏ညာဘက်အောက်ထောင့်တွင် ရေးစေမည်။ မည်သည့် ထူးခြားချက်အား ထည့်သွင်းရေးဆွဲထားသည်ကို စာအနည်းငယ်ဖြင့် ရေးသားရှင်းပြစေမည်။




## သတိပြုရမည့်အချက်များ
- ၁ အုပ်စုတစ်စုစီအတွက် ပစ္စည်းတစ်ခုစီကို ကြိုတင်ပြင်ဆင်ထားရမည်။
- ၂ ပန်းအိုးကဲ့သို့ အရာဝတ္ထုပစ္စည်းများကို ရေးဆွဲစေသည့်အခါ မတော်တဆ ထိခိုက်မှုမရှိစေရန် သတိပြုစေမည်။
- ၃ အရာဝတ္ထု၏ ပုံသဏ္ဌာန်အနေအထားကိုလိုက်၍ စက္ကူကိုဒေါင်လိုက်၊ အလျားလိုက်ရွေးချယ်၍ ဆွဲရမည်။
- ၄ ပုံဆွဲသည့်အခါ ချထားသောပစ္စည်းကို မိမိနေရာသို့ ရွှေ့ခြင်း၊ ဆွဲယူခြင်းများ မပြုလုပ်စေရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း
၁။ အရာဝတ္ထုပစ္စည်းကို အမြင်အတိုင်းရေးဆွဲခြင်း။

| | |
|---|---|
| A | အရာဝတ္ထုပစ္စည်း၏ ထူးခြားချက်ကို အမြင်အတိုင်း မှန်ကန်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | အရာဝတ္ထုပစ္စည်းကို အမြင်အတိုင်း ရေးဆွဲနိုင်ခြင်း။ |
| C | အရာဝတ္ထုပစ္စည်းကို အမြင်အတိုင်း မရေးဆွဲနိုင်ခြင်း။ |

DBL Box - Copyright Protected




## သတိပြုရမည့်အချက်များ

၁ ရုပ်ပုံကို စက္ကူအရွယ်အစားလိုက် မကြီးမသေးလွန်းသောပုံများကို ရေးဆွဲစေမည်။

၆ နှစ်သက်ရာအရောင်များကို ရုပ်ပုံအတွင်း အပြည့်ခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသော ရုပ်ပုံ၏ ပုံသဏ္ဌာန်နှင့် ထူးခြားချက်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | ရေးဆွဲထားသောရုပ်ပုံ၏ ပုံသဏ္ဌာန်နှင့် ထူးခြားချက်ကို ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| B | ရေးဆွဲထားသောရုပ်ပုံ၏ ပုံသဏ္ဌာန်နှင့် ထူးခြားချက်ကို ရှင်းပြနိုင်ခြင်း။ |
| C | ရေးဆွဲထားသောရုပ်ပုံ၏ ပုံသဏ္ဌာန်နှင့် ထူးခြားချက်ကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဂုံး (၅ မိနစ်)**

■ အုပ်စုအတွင်း ကလေးများအချင်းချင်း ဆွဲထားသောရုပ်ပုံများကို ကြည့်ရှုပြီး ထင်မြင်ချက်များ၊ ချီးကျူးစကားများ ပြောစေမည်။

● ရုပ်ပုံများကို ကြည့်၍ထင်မြင်ချက်များကို ပြောမည်။
ဥပမာ- သူငယ်ချင်းဆွဲထားတဲ့ ခြင်းတောင်းပုံကလေးက လက်ကိုင်ကလေးနဲ့ တစ်ဆက်တည်းပဲနော်။

■ ရရှိသောအချိန်ပေါ် မူတည်၍ အုပ်စုတစ်စုမှ အနည်းဆုံး ကလေးတစ်ဦးစီကို ရုပ်ပုံ၏ထူးခြားချက် ရှင်းပြစေမည်။

● ကလေးအချို့က ရှင်းပြမည်။
ဥပမာ- သားဆွဲထားတဲ့ ထမင်းချိုင့်မှာ ခလုတ်ကလေးပါလို့ ထည့်ပြီးဆွဲထားတယ်။ ချိုင့်ရဲ့အဆင့်တွေကို ညီအောင် ဆွဲထားတယ်။

DBE Box - Copyright Protected

# ၂-၁ ရေဆေးနှင့် စုတ်တံအသုံးပြုခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**
စုတ်တံကိုင်ပုံကိုင်နည်းကို သိရှိပြီး အသုံးပြုရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**
ဆရာ - A4 စက္ကူ (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ရေဆေး ၃ ရောင်၊ ရေဆေးခွက် (တစ်အုပ်စုလျှင် ၃ ခွက်)၊ ဆေးစပ်ခွက်(တစ်ဦးလျှင် တစ်ခွက်)၊ စုတ်တံ (အလုံး၊ အပြား)တစ်ဦးလျှင် ၂ ချောင်း၊ စုတ်တံဆေးရန်ခွက်(တစ်အုပ်စုလျှင် တစ်ခွက်)။
ကျောင်းသား - အဝတ်စ(လူကြီး လက်တစ်ဖဝါးစာ)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ကျောင်းသုံးစာအုပ်ရှိ ကလေးလက်ရာများကို ပြ၍ မိမိတို့ကိုယ်တိုင်ရေးဆွဲမည်ဆိုလျှင် စုတ်တံအလုံးနှင့် စုတ်တံအပြားကို မည်သည့်နေရာများတွင် အသုံးပြုမည်ဟု ထင်သနည်းဟု မေးမည်။

● ခန့်မှန်းဖြေဆိုကြမည်။

■ စုတ်တံအလုံးနှင့် စုတ်တံအပြားအသုံးပြုနည်းကို သိရှိပါက ပိုမိုလှပသောပုံများကို ရေးဆွဲနိုင်ကြောင်း၊ ဒါကြောင့်ရေးဆွဲကြည့်ကြမည်ဖြစ်ကြောင်း ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ အုပ်စုအလိုက် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို လာယူစေမည်။ ရေဆေး ပေးရန်မလိုသေးပါ။

■ စုတ်တံစနစ်တကျ အသုံးပြုနည်းကို အောက်တွင် ဖော်ပြထားသည့်အတိုင်း လေထဲတွင် ရေးဆွဲ၍ရှင်းပြပြီး ကလေးများအားလိုက်၍ လေ့ကျင့်စေမည်။

| | |
|---|---|
| (၁) | စုတ်တံကို အားပြင်းပြင်းဖိကာ မဆွဲစေဘဲ စုတ်တံထိပ်ဖျားကို သာဖော့၍ ဆွဲစေမည်။ |
| (၂) | စုတ်တံတွင် သတ္တုကွပ်ထားသော နေရာ၏ နောက်နားမှ ကိုင်ပြီး ရေးဆွဲစေမည်။ |
| (၃) | အခြားအရောင်ကိုမသုံးမီ စုတ်တံကို စင်ကြယ်စွာ ဆေးကြောရမည်။ |

● စုတ်တံကို လေထဲတွင် လေ့ကျင့်မည်။

■ ဖျော်ထားသော ရေဆေး ၃ရောင်ကို အုပ်စုအလိုက်ရရှိထားသော ရေဆေးခွက်တို့တွင် ဖြည့်ပေးမည်။

■ စုတ်တံအလုံးနှင့် အပြားကို အသုံးပြု၍ မျဉ်းအမျိုးမျိုးကို လွတ်လပ်စွာ ရေးဆွဲစေမည်။

● စုတ်တံ ၂ မျိုးကို အသုံးပြု၍ မျဉ်းအမျိုးမျိုးကို လွတ်လပ်စွာ ရေးဆွဲမည်။

**အခန်း(၂)** အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘောသဘာဝတို့ကို သိရှိခြင်း
သင်ခန်းစာ(၁) ရေဆေးနှင့် စုတ်တံအသုံးပြုခြင်း




၆

**သတိပြုရမည့်အချက်များ**

၁ စုတ်တံ၏ကိုင်ပုံကိုင်နည်း၊ အသုံးပြုပုံပြုနည်းမှန်ကန်မှု ရှိ မရှိကို ဆရာက လှည့်လည်စစ်ဆေးရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ စုတ်တံကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ်အသုံးပြုခြင်း။

| | |
|---|---|
| A | စုတ်တံကို စနစ်တကျ မှန်ကန်စွာ အသုံးပြုနိုင်ခြင်း။ |
| B | စုတ်တံကို မှန်ကန်စွာ အသုံးပြုနိုင်ခြင်း။ |
| C | စုတ်တံကို မှန်ကန်စွာ အသုံးမပြုနိုင်ခြင်း။ |

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

၂ အခြားအရောင်ကိုမသုံးမီ စုတ်တံကို စင်ကြယ်စွာဆေးကြော ရန်နှင့် ရေဆေးကို အသုံးပြုချိန်တွင် စားပွဲခုံမညစ်ပေစေရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသောပုံတွင် စုတ်တံအလုံးနှင့် အပြားကို မည်သည့်နေရာများ၌အသုံးပြုသည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | ပုံ၏မည်သည့်နေရာများ၌ စုတ်တံအလုံးနှင့် အပြားကို သုံး၍ ရေးဆွဲထားသည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ပုံ၏မည်သည့်နေရာများ၌ စုတ်တံအလုံးနှင့် အပြားကို သုံး၍ ရေးဆွဲထားသည်ကို ရှင်းပြနိုင်ခြင်း။ |
| C | ပုံ၏မည်သည့်နေရာများ၌ စုတ်တံအလုံးနှင့် အပြားကို သုံး၍ ရေးဆွဲထားသည်ကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

■ ကျန်ရှိသော A4 စက္ကူတွင် စုတ်တံအလုံးနှင့် အပြားကို အသုံးပြု၍ မျဉ်းများပေါင်းစပ်ထားသောပုံကို ရေးဆွဲစေမည်။

● ပုံရေးဆွဲမည်။

■ ရေးဆွဲပြီးပါက ပုံ၏ညာဘက်အောက်ထောင့်တွင် အမည်ကို ရေးစေပြီးမည်သည့်နေရာတွင် မည်သည့်စုတ်တံအမျိုးအစား သုံးခဲ့ကြောင်း စာအနည်းငယ်ဖြင့် ရေးသားရှင်းပြစေမည်။

■ ကလေးများအားလုံး စုတ်တံကို ရေးဆွဲအသုံးပြုပြီးနောက် လုပ်ဆောင်ရမည့်အချက်များကို အောက်ပါအတိုင်းသင်ကြား ပေးမည်။

| | |
|---|---|
| (၁) | အသုံးပြုပြီးနောက် ဆေးစက်များမခြောက်မီ စနစ်တကျ ဆေးကြောခြင်း။ |
| (၂) | ဆေးကြောပြီးနောက် အခြောက်ခံ၍ သိမ်းဆည်းခြင်း။ |

● ဆေးကြောပြီးနောက် အခြောက်ခံ၍ သိမ်းဆည်းမည်။

### နိဂုံး (၅ မိနစ်)

■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မိမိတို့ရေးဆွဲထားသည့်ပုံများကိုပြစေပြီး စုတ်တံကိုမည်ကဲ့သို့အသုံးပြု၍ ရေးဆွဲခဲ့ကြောင်း ပြောပြစေမည်။

● အချင်းချင်း အပြန်အလှန်ရှင်းလင်းပြသ၍ ချီးကျူးမည်။

■ ကလေးအနည်းငယ်ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။ ဥပမာ- စုတ်တံအပြားကို အသုံးပြု၍ အိမ်ပုံကို ရေးဆွဲပြီး၊ စုတ်တံအလုံးကို အသုံးပြု၍ ပြတင်းပေါက်များကို ရေးဆွဲခဲ့သည်။

မှတ်ချက်
ရေဆေးသင်ခန်းစာနှင့် ပတ်သက်သောသတိပြုရမည့်အချက်များကို ဆရာများအတွက်အမှာစာတွင် အသေးစိတ်ဖော်ပြထားပါသည်။

DBE Box - Copyright Protected

# ၂-၂ အရောင်များကို ရောစပ်ခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ရောစပ်၍ ဖြစ်ပေါ်လာသော အရောင်များဖြင့် ပုံများရေးဆွဲ ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ - A4 စက္ကူ (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ရေဆေး ၃ ရောင်၊ ရေဆေးခွက် (တစ်အုပ်စုလျှင် ၃ ခွက်)၊ ဆေးစပ်ခွက်(တစ်ဦးလျှင် တစ်ခွက်)၊ စုတ်တံ (အလုံး၊ အပြား)တစ်ဦးလျှင် ၂ ချောင်း၊ စုတ်တံဆေးရန်ခွက်(တစ်အုပ်စုလျှင် တစ်ခွက်)။

ကျောင်းသား - အဝတ်စ(လူကြီး လက်တစ်ဖဝါးစာ)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

- အရောင်များကို ရောစပ်ဖူးပါသလား။ အရောင်များရောစပ်လျှင် ဘယ်လိုဖြစ်လာမလဲဟု မေးမည်။
- ယနေ့သင်ခန်းစာသည် အရောင်များရောစပ်ပါက မည်ကဲ့သို့ဖြစ်လာမည်ကို လေ့လာကြမည်ဖြစ်ကြောင်း ပြော၍ သင်ခန်းစာကို နိဒါန်းပျိုးမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- အုပ်စုဖွဲ့၍ အုပ်စုအလိုက် ရေဆေးမှလွဲ၍ အခြားသော သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- စုတ်တံဖြင့် ရေဆေးယူသည့်အခါ အခြားအရောင်ကို မသုံးမီ စုတ်တံရှိ အညစ်အကြေးများကို သန့်ရှင်းရန် ရေဖြင့် ဆေးကြောပြီး အဝတ်ဖြင့် သုတ်ရမည်ဖြစ်ကြောင်း ရှင်းပြမည်။
- အရောင် ၂ ရောင်ကို ရောစပ်၍ (အပြာနှင့် အဝါရောလျှင် အစိမ်း၊ အနီနှင့် အဝါရောလျှင် လိမ္မော်စသည်ဖြင့်) အရောင်များပြောင်းလဲသွားပုံကို ကလေးများအားပြသမည်။
- ရောစပ်ထားသောအရောင်များကိုသုံး၍ ရှုခင်းများရေးဆွဲနိုင်ကြောင်း ဆရာက ကျောင်းသုံးစာအုပ်ရှိကလေးလက်ရာများကို ပြ၍ ရှင်းပြမည်။ ဥပမာ-နေလုံး၏ အောက်တွင် အစိမ်းရောင်သစ်ပင်များရှိသည့် တောင်တန်းကဲ့သို့သော ရှုခင်းစသည်ဖြင့်။
- ယနေ့မိမိတို့နှစ်သက်သော ရှုခင်းပုံများရေးဆွဲ၍ မိမိတို့ကိုယ်တိုင်ရောစပ်ထားသောအရောင်များဖြင့် ဆေးခြယ်ရမည်ဖြစ်ကြောင်းပြောမည်။
- ကလေးများ ခဲတံဖြင့် လွတ်လပ်စွာ ပုံရေးဆွဲစေမည်။
- ● ဆရာ၏ညွှန်ကြားမှုအတိုင်း ဆောင်ရွက်ကြမည်။

အခန်း(၂) အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘောသဘာဝတို့ကို သိရှိခြင်း

သင်ခန်းစာ(၂) အရောင်များကို ရောစပ်ခြင်း




၈

**သတိပြုရမည့်အချက်များ**

1. စက္ကူပေါ်တွင် ပုံကြီးကြီးရေးဆွဲရမည်။
2. ရေဆေးကို အသုံးပြုရာတွင် စာရေးခုံနှင့် အဝတ်အစားများ မညစ်ပေရန် သတိပေးရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ရောစပ်၍ ဖြစ်ပေါ်လာသောအရောင်ကို ပုံတွင် ခြယ်ခြင်း။

| | |
|---|---|
| A | ရေးဆွဲထားသောပုံတွင် ရောစပ်၍ရရှိလာသောအရောင်များစွာကို အသုံးပြု၍ ဆေးခြယ်နိုင်ခြင်း။ |
| B | ရေးဆွဲထားသောပုံတွင် ရောစပ်၍ရရှိလာသောအရောင်အနည်းငယ်ကို အသုံးပြု၍ ဆေးခြယ်နိုင်ခြင်း။ |
| C | ရေးဆွဲထားသောပုံတွင် အရောင်များကို အသုံးပြု၍ ဆေးမခြယ်နိုင်ခြင်း။ |

DBE Box - Copyright Protected

ကလေးလက်ရာများ။






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ   စုတ်တံ   ရေဆေးဖျော်ရန်ခွက်   ရေဆေး   စုတ်တံဆေးရန်ခွက်   အဝတ်စ   ဆေးစပ်ခွက်

၉

## သတိပြုရမည့်အချက်များ

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရောစပ်ထားသောအရောင်ကို အသုံးပြုရေးခြယ်ထားသော ပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | မည်သည့်အရောင်နှင့် မည်သည့်အရောင်ကို ရော၍ပုံ၏ မည်သည့်နေရာတွင် ဆေးခြယ်ထားသည်ကို အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| B | မည်သည့်အရောင်နှင့် မည်သည့်အရောင်ကို ရော၍ပုံ၏ မည်သည့်နေရာတွင် ဆေးခြယ်ထားသည်ကိုရှင်းပြနိုင်ခြင်း။ |
| C | ရောစပ်ထားသောအရောင်နှင့် ပတ်သက်၍ မရှင်းပြနိုင် ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

- ကလေးများပုံဆွဲနေစဉ် ဆရာက အုပ်စုများကိုလှည့်လည်၍ ခွက်တွင် ရေဆေးကို ဖြည့်ပေးမည်။
- အခြားအရောင်ကို မသုံးမီ စုတ်တံရှိအညစ်အကြေးများကို သန့်ရှင်းရန် ရေဖြင့်ဆေးကြောပြီး အဝတ်ဖြင့်သုတ်ရမည် ဖြစ်ကြောင်းရှင်းပြမည်။
- ရောစပ်ထားသောအရောင်များကို ရေးဆွဲထားသောပုံတွင် ရေးခြယ်စေမည်။
- ● ဆရာ၏ညွှန်ကြားမှုအတိုင်း ဆောင်ရွက်ကြမည်။
- ရေးဆွဲထားသောပုံ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏ အမည်ရေး၍ ရောစပ်ရရှိလာသောအရောင်များကို ပုံ၏ မည်သည့်နေရာတွင် ဆေးခြယ်ထားသည်ကို စာအနည်းငယ် ဖြင့် ရှင်းပြစေမည်။

### နိဂုံး (၅ မိနစ်)

- နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်ကဲ့သို့သော အရောင်ကို ရော၍ မည်သည့်နေရာတွင် ဆေးခြယ်ထား သည်ကို ရှင်းပြစေမည်။
- ကောင်းသောအချက်များကို ချီးကျူးစေမည်။
  ဥပမာ- အနီရောင်နှင့် အဝါရောင်ကို ရော၍နေဝင်ချိန် ကောင်းကင်ကို အရောင်ခြယ်ထားပါတယ်။

မှတ်ချက်
ရေဆေးသင်ခန်းစာနှင့် ပတ်သက်သောသတိပြုရမည့်အချက် များကို ဆရာများအတွက်အမှာစာတွင် အသေးစိတ်ဖော် ပြထားပါသည်။

DBE Box - Copyright Protected

# ၂-၃ အခြေခံအရောင်နှင့် ဒုတိယအရောင်များကို လေ့လာခြင်း
**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

အခြေခံအရောင်နှင့် ဒုတိယအရောင်များဖြင့် ဆေးခြယ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ - A4 စက္ကူ (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ရေဆေး ၃ ရောင်၊ ရေဆေးခွက် (တစ်အုပ်စုလျှင် ၃ ခွက်)၊ ဆေးစပ်ခွက်(တစ်ဦးလျှင် တစ်ခွက်)၊ စုတ်တံ (အလုံး၊ အပြား)တစ်ဦးလျှင် ၂ ချောင်း၊ စုတ်တံဆေးရန်ခွက်(တစ်အုပ်စုလျှင် တစ်ခွက်)။
ကျောင်းသား - အဝတ်စ(လူကြီး လက်တစ်ဖဝါးစာ)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ရေဆေးများကို ရောစပ်ပြီး ပုံရေးဆွဲရာတွင် မည်သည့်အရောင်များကို ရောစပ်ပါက မည်ကဲ့သို့သော အရောင်များဖြစ်ပေါ်လာသည်ကို မေးမည်။
- ● ရှေ့စာသင်ချိန်မှ အကြောင်းအရာများ ပြန်လည်စဉ်းစား၍ လွတ်လပ်စွာ ဖြေကြမည်။
- ■ ယနေ့စာသင်ချိန်သည် အခြေခံအရောင်များကို ရောစပ်၍ ပုံဆွဲမည်ဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အခြေခံအရောင်တွေက ဘာအရောင်တွေလဲဟု မေးမည်။
- ● ကလေးများလွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ အပြာ၊ အဝါနှင့် အနီတို့မှာ အခြေခံအရောင်များဖြစ်ပြီး ရောစပ်ခြင်းဖြင့် ရရှိနိုင်သောအရောင်များမဟုတ်ကြောင်းကို ရှင်းပြမည်။
- ■ အခြေခံအရောင်များဖြစ်သည့် အဝါရောင်နှင့် အနီရောင်ကို ပေါင်းစပ်လျှင် မည်သည့်အရောင်ဖြစ်လာသလဲဟု ကလေးများ ထင်မြင်ချက်ကို မေးမည်။
- ● လွတ်လပ်စွာဖြေဆိုမည်။
- ■ အဝါရောင်နှင့် အနီရောင်ကို လက်တွေ့ပေါင်းစပ်ပြပြီး ဖြစ်ပေါ်လာသော ဒုတိယအရောင်ကို သင်ပုန်းပေါ်တွင် ကပ်ထားသော A4 စက္ကူပေါ်တွင် ဆေးခြယ်ပြမည်။
- ■ ထိုနည်းအတိုင်း အဝါနှင့် အပြာ၊ အပြာနှင့် အနီ တို့ကိုလည်း လက်တွေ့ A4 စက္ကူပေါ်တွင်ဆေးခြယ်ပြမည်။ အဝါနှင့် အပြာကို ရောလျှင် အစိမ်း၊ အပြာနှင့် အနီကိုရောလျှင် မရန်းရောင်၊ အဝါနှင့် အနီရောလျှင် လိမ္မော်ရောင်ဖြစ်ကြောင်းနှင့် ထိုအရောင်များသည် ဒုတိယအရောင်များဖြစ်ကြောင်း ရှင်းပြမည်။
- ■ အုပ်စုအလိုက် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို လာယူစေမည်။ ရေဆေး ပေးရန်မလိုသေးပါ။




**သတိပြုရမည့်အချက်များ**

၁ အခြေခံအရောင်များနှင့် ဒုတိယအရောင်များကို မှတ်သားထားစေမည်။

၂ စုတ်တံဖြင့် ဆေးယူသည့်အခါ မများလွန်းစေရန်နှင့် စုတ်တံကို မခါမိစေရန် သတိပေးရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အခြေခံအရောင်များကို ရောစပ်၍ ဖြစ်ပေါ်လာသော ဒုတိယအရောင်များနှင့် အခြေခံအရောင်များဖြင့် ပုံဆွဲခြင်း။

| | |
|---|---|
| A | ကောင်းမွန်စွာ ရောစပ်ရေးဆွဲနိုင်ခြင်း။ |
| B | ရောစပ်ရေးဆွဲနိုင်ခြင်း။ |
| C | ရောစပ်မရေးဆွဲနိုင်ခြင်း။ |

DBE Box - Copyright Protected


ကလေးလက်ရာများ။ ၃



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ | စုတ်တံ | ရေဆေးဖျော်ရန်ခွက် | ရေဆေး | စုတ်တံဆေးရန်ခွက် | အဝတ်စ | ဆေးစပ်ခွက်

၁၁

## သတိပြုရမည့်အချက်များ

၃ အခြေခံအရောင်ကိုလည်း ဒုတိယအရောင်ကဲ့သို့ ပုံတွင် ဆေးခြယ်နိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အရောင်များ ရောစပ်ပုံကို ရှင်းပြခြင်း။

| | |
|---|---|
| A | ကောင်းမွန်စွာ ရှင်းပြနိုင်ခြင်း။ |
| B | ရှင်းပြနိုင်ခြင်း။ |
| C | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

- ■ ကလေးများ မိမိတို့ နှစ်သက်သောပုံကို ခဲတံဖြင့် A4 စက္ကူတွင် ကြီးကြီးရေးစေမည်။ ကလေးများပုံရေးဆွဲနေစဉ် ဆရာက အုပ်စုများအတွင်း လှည့်လည်၍ ရေဆေးခွက်တွင် ရေဆေး ၃ ရောင်နှင့် စုတ်တံဆေးရန်ခွက်တွင် ရေကို ဖြည့်ပေးရမည်။
- ● A4 စက္ကူပေါ်တွင် ပုံရေးဆွဲမည်။
- ■ သတင်းစာ သို့မဟုတ် ပြက္ခဒိန်ကို စားပွဲပေါ်တွင် ခင်းထားစေမည်။ စုတ်တံကို အသုံးပြု၍ ရေဆေးခွက်မှ ရေဆေး ၃ မျိုးကို မိမိဆေးစပ်ခွက်တွင် ပြောင်းထည့်စေမည်။
- ■ ရေဆေးကို ၂ ရောင်စီ ရော၍ ရရှိလာသော ဒုတိယအရောင်ကို ရေးဆွဲထားသောပုံတွင် ခြယ်ရမည်ဖြစ်ကြောင်း ပြောမည်။
- ● ရေးဆွဲထားသည့်ပုံတွင် ဆေးရောင်ခြယ်မည်။
- ■ ထို့နောက်ပုံ၏ညာဘက်အောက်ထောင့်တွင် မိမိ၏အမည်ရေး၍ အသုံးပြုဆေးခြယ်ထားသော အရောင်နှင့် ပတ်သက်၍ စာအနည်းငယ်ဖြင့် ရှင်းပြစေမည်။
- ■ အရောင်ခြယ်ပြီးပါက သင်ခန်းစာ ၂-၁ တွင် ဖော်ပြထားသကဲ့သို့ စုတ်တံကို ဆေးကြော၍ အဝတ်ဖြင့် သုတ်ပြီး သိမ်းဆည်းစေမည်။
- ● ရေဆေးနှင့် ဆေးကြောပြီးသော စုတ်တံများကို ဆရာ့ထံ အပ်နှံမည်။

### နိဂုံး (၅ မိနစ်)

- ■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း အခြေခံအရောင်နှစ်ရောင်ကို ပေါင်းစပ်၍ ရရှိလာသော ဒုတိယအရောင်ဖြင့် မည်သည့်နေရာတွင် ရေးခြယ်ထားသည်ကိုပြောစေမည်။ ဥပမာ-အပြာရောင်နှင့် အဝါရောင်ကို ရော၍ ရရှိလာသော အစိမ်းရောင်ကို သစ်ပင်မှာ ခြယ်ထားပါတယ်။
- ■ ကလေးများရေးဆွဲပြီးသော ရုပ်ပုံကားချပ်များကို အခန်းထဲတွင် ချိတ်ဆွဲပြသမည်။

DBE Box - Copyright Protected

# ၂-၄ ရေဆေးဖြင့် ပုံကူးယူခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**
ရေဆေးတို့ထားသော သွားတိုက်တံကို အသုံးပြု၍ ပုံကူးယူပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**
ဆရာ - A4 စက္ကူတစ်ဝက် (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ရေဆေး ၃ရောင်၊ ရေဆေးထည့်ရန်ခွက် (တစ်အုပ်စုလျှင် ၃ ခွက်)၊ ကတ်ကြေး၊ သတင်းစာ။
ကျောင်းသား - သွားတိုက်တံ၊ အဝတ်စ (လူကြီးလက်တစ်ဖဝါးစာ)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ရေဆေးကို အသုံးပြု၍ မည်ကဲ့သို့သော ပုံများဆွဲဖူးသနည်း ဟုမေးမည်။

● စဉ်းစား၍ ဖြေကြမည်။

■ ရေဆေးနှင့် သွားတိုက်တံကို အသုံးပြု၍ ရေဆေးဖြင့် ပုံကို ကူးယူသည့် သင်ခန်းစာကို လေ့လာရမည်ဖြစ်ကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကျောင်းသုံးစာအုပ်ပါ ပြုလုပ်ပုံအဆင့်ဆင့်အတိုင်း နမူနာ တစ်ခုပြုလုပ်ပြမည်။

■ သွားတိုက်တံတွင် ရေဆေးကို မတို့မီ လက်ဖြင့် ခြစ်ပြီး လေ့ကျင့်စေမည်။

● သွားတိုက်တံတွင် ရေဆေးကို မတို့မီ လက်ဖြင့် ခြစ်ပြီး လေ့ကျင့်မည်။

■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို သတိပေးမည်။

■ အုပ်စုဖွဲ့၍ ရေဆေးမှအပ ကျန်သောသင်ထောက်ကူပစ္စည်း များကို စနစ်တကျလာယူစေမည်။

■ ညှပ်ယူရာတွင် လွယ်ကူစေရန် ရိုးရှင်းလွယ်ကူသော ပုံများကို စဉ်းစားစေမည်။


အခန်း(၂) အခြေခံအရောင်နှင့် အရောင်ရောနှောမှု သဘောသဘာဝတို့ကို သိရှိခြင်း

သင်ခန်းစာ(၄) ရေဆေးဖြင့် ပုံကူးယူခြင်း



၁၂

### သတိပြုရမည့်အချက်များ

**၁** ရေဆေးကို အသုံးပြုရာတွင် မျက်နှာ၊ အဝတ်နှင့် စာရေးခုံများကို မညစ်ပေစေရန် သတိပေးမည်။ A4 စက္ကူတစ်ဝက်၏ အောက်တွင် သတင်းစာစက္ကူ သို့မဟုတ် စာရွက်အကြီးကို ခင်း၍ ညစ်ပေမှုမရှိစေရန် ဆောင်ရွက်ကြမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ သွားတိုက်တံကို အသုံးပြု၍ ရေဆေးဖြင့် အစက်ချကာ ပုံကို ကူးယူခြင်း။

| | |
|---|---|
| A | ပုံကို သေသပ်လှပစွာ ကူးယူနိုင်ခြင်း။ |
| B | ပုံကို ကူးယူနိုင်ခြင်း။ |
| C | ပုံကို မကူးယူနိုင်ခြင်း။ |

DBE Boz - Copyright Protected


ကလေးလက်ရာများ။



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ　သတင်းစာ　ရေဆေးဖျော်ရန်ခွက်　ရေဆေး　ကတ်ကြေး　အဝတ်စ　သွားတိုက်တံ

၁၃

## သတိပြုရမည့်အချက်များ

၂ အရောင်များ ရောနှောမှုမရှိစေရန် သွားတိုက်တံတစ်ခုတွင် တစ်ရောင်ကိုသာ သုံးစေပြီး အချင်းချင်းလဲလှယ်အသုံးပြုရန် သတိပေးမည်။ အခြားအရောင်ကို အသုံးပြုလျှင် လက်ကို စင်ကြယ်စွာသုတ်ရမည်ဖြစ်ကြောင်းသတိပေးမည်။

၃ တိရစ္ဆာန်၊ ပန်းပွင့်ကဲ့သို့ အသေးစိတ်ကျသော ပုံသဏ္ဌာန်များဖြစ်စေ အဝိုင်း၊ သုံးထောင့်၊ လေးထောင့်ကဲ့သို့ သင်္ချာပုံသဏ္ဌာန်များဖြစ်စေ ကြိုက်နှစ်သက်ရာကို ဆွဲနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မိမိစိတ်ကူးကို ပုံဖော်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | ကောင်းမွန်စွာ ပုံဖော်ရှင်းပြနိုင်ခြင်း။ |
| B | ပုံဖော်ရှင်းပြနိုင်ခြင်း။ |
| C | ပုံဖော်မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ စဉ်းစားထားသောပုံများမှ အနည်းဆုံး ၃ ပုံခန့်ကို A4စက္ကူ တစ်ဝက်တွင် ရေးဆွဲစေမည်။
- ■ ရေးဆွဲပြီးသော ပုံများကို ညှပ်စေမည်။ (ညှပ်ယူနေစဉ်ဆရာက အုပ်စုများ၏ ရေဆေးခွက်များတွင် ရေဆေးကို ဖြည့်ပေးမည်။)
- ● ရုပ်ပုံများကို ရေးဆွဲ၍ ညှပ်ယူကြမည်။
- ■ ညှပ်ယူထားသော ပုံများ မည်ကဲ့သို့ နေရာချမည်ကို စဉ်းစားစေပြီး စက္ကူပေါ်တွင် ပုံကိုတင်စေမည်။ တင်ထားသောပုံများ၏ အနားသတ်များပေါ်တွင် ရေဆေးတို့ထားသော သွားတိုက်တံကို ခြစ်၍ အစက်များချကာ ပုံတူကူးယူစေမည်။ လွတ်နေသောနေရာတွင်လည်း ဆေးစက်ချနိုင်ကြောင်း ရှင်းပြမည်။
- ● ဆရာလမ်းညွှန်မှုအတိုင်း တစ်ဆင့်ချင်းဆောင်ရွက်မည်။
- ■ ကလေးများဆောင်ရွက်နေစဉ် ဆရာက လှည့်လည်ကြည့်ရှု၍ ပံ့ပိုးကူညီပေးမည်။
- ■ မိမိအမည်ကို ပုံ၏ညာဘက်အောက်ထောင့်တွင် ရေးစေမည်။ စိတ်ကူးဖြင့် မည်ကဲ့သို့ ပုံဖော်ကူးယူထားသည်ကို စာအနည်းငယ်ဖြင့် ရေးစေမည်။
- ■ အားလုံးပြုလုပ်ပြီးပါက ရေဆေးခွက်၊ ကတ်ကြေးနှင့် သွားတိုက်တံများကို ဆရာ့ထံ ပြန်လည်အပ်နှံစေမည်။
- ■ ထို့နောက် လက်ဆေးရန် သတ်မှတ်ထားသောနေရာ၌ လက်ကို စင်ကြယ်စွာ ဆေးကြောရန်ညွှန်ကြားမည်။ (လက်ဆေးရန် အချိန် ၅ မိနစ်ခန့် သတ်မှတ်ပေးပါ။)

## နိဂုံး (၅ မိနစ်)

- ■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မိမိတို့လက်ရာများကို ပြသပြီး ကူးယူထားသောပုံနှင့် ပတ်သက်၍ ရှင်းပြစေမည်။
- ● ကူးယူထားသောပုံနှင့် ပတ်သက်၍ ရှင်းပြမည်။
- ■ စက္ကူညှပ်စများကို သိမ်းဆည်း၍ အမှိုက်ပုံးတွင် စနစ်တကျစွန့်ပစ်ရန် ညွှန်ကြားရမည်။

DBE Box - Copyright Protected

# ၃–၁ စိတ်ကူးဖြင့် ရုပ်ပုံများဖြည့်စွက် ရေးသားခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ပုံကို စိတ်ကူးဖြင့်ရုပ်ပုံများ ဖြည့်စွက်ရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊

ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ စိတ်ကူးဖြင့် ဘာပုံတွေဆွဲခဲ့ဖူးသလဲဟု မေးပြီး သင်ခန်းစာကို နိဒါန်းပျိုးမည်။
- ● စိတ်ကူးဖြင့် ရေးဆွဲခဲ့သောပုံများကို လွတ်လပ်စွာ ဖြေဆိုမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုဖွဲ့၍ အုပ်စုအလိုက် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ဝေပေးမည်။
- ■ ကြိုက်နှစ်သက်ရာပုံ ၁ပုံကို ဆွဲပြမည်။ (ဥပမာ-သစ်ပင်၊ လူ၊ ကားစသည်ဖြင့် . . . )
- ■ A4 စက္ကူကို အလျားလိုက်ထားပြီး ဆရာရေးထားသောပုံကို ကူးဆွဲစေမည်။ ထိုကဲ့သို့ကူးဆွဲရာ၌ A4 စက္ကူ၏ နေရာတစ်ဝက်ခန့်ကိုလပ်ထားပြီး ကူးဆွဲရမည်ဖြစ်ကြောင်းပြောမည်။
- ● ဆရာရေးဆွဲထားသောပုံကို ကူးဆွဲမည်။
- ■ ဆရာရေးဆွဲထားသောပုံတွင် ဖြည့်စွက်ရေးဆွဲမည်ဆိုပါက မည်သည့်အရာများကို ဖြည့်စွက်ရေးဆွဲချင်သနည်းဟု မေးမည်။ ဖြည့်စွက်ရေးဆွဲလိုသည့်အရာများကို အတန်းသို့ ပြောစေမည်။
- ■ လွတ်လပ်စွာ စိတ်ကူးထားသောအကြောင်းအရာများကို ဖြည့်စွက်ရေးဆွဲရန် ညွှန်ကြားမည်။ ဆရာကလှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသောကလေးများကို ပံ့ပိုးကူညီပေးမည်။
- ● ရေးဆွဲပြီးပါက လွတ်လပ်စွာ အရောင်ခြယ်စေပြီး မိမိ၏အမည်ကို ပုံ၏ ညာဘက်အောက်ထောင့်တွင် ရေးစေမည်။ ဖြည့်စွက်ရေးဆွဲထားသည့်အကြောင်းအရင်းကို စာအနည်းငယ်ဖြင့် ရေးသားရှင်းပြမည်။




**သတိပြုရမည့်အချက်များ**

1. ၁ ကလေးများအလွယ်တကူရေးဆွဲနိုင်မည့် နမူနာကို ဆရာက ရေးဆွဲပြရမည်။
2. ၂ ဖြည့်စွက်ရေးဆွဲခဲ့သည့်ပုံများကို သူငယ်ချင်းထံမှ မကူးယူစေဘဲ မိမိကိုယ်တိုင်စဉ်းစား၍ ရေးဆွဲရမည်ဖြစ်ကြောင်း ညွှန်ကြားမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ပုံကို စိတ်ကူးဖြင့် ဖြည့်စွက်ရေးဆွဲခြင်း။

| | |
|---|---|
| A | အသေးစိတ်ဖြည့်စွက် ရေးဆွဲနိုင်ခြင်း။ |
| B | ဖြည့်စွက် ရေးဆွဲနိုင်ခြင်း။ |
| C | ဖြည့်စွက် မရေးဆွဲနိုင်ခြင်း။ |

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

❸ ရေးဆွဲထားသောပုံနှင့် လိုက်ဖက်သည့်အရောင်များကို စဉ်းစား၍ ခြယ်စေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဖြည့်စွက်ရေးဆွဲထားသောပုံကို ရှင်းပြခြင်း။

| | |
|---|---|
| A | ရေးဆွဲထားသောပုံကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ရေးဆွဲထားသောပုံကို ရှင်းပြနိုင်ခြင်း။ |
| C | ရေးဆွဲထားသောပုံကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဂုံး (၅ မိနစ်)

- ■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်သည့်အကြောင်းအရာများကို စဉ်းစား၍ ရေးဆွဲခဲ့သည်ကို ရှင်းပြစေမည်။ ကောင်းသောအချက်များကို ချီးကျူးစေမည်။
- ● မိမိတို့ရေးဆွဲထားသောပုံများကို အချင်းချင်းရှင်းပြပြီး အပြန်အလှန် ချီးကျူးမည်။
- ■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။ ဥပမာ- ကျွန်တော်က တိုက်အိမ်ကလေးထပ်ဖြည့်ဆွဲထားတယ်။

DBE Box - Copyright Protected

# ၃-၂ မိမိနေထိုင်ချင်သောအိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း

**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

မိမိနေထိုင်ချင်သော အိမ်နှင့် အိမ်ပတ်ဝန်းကျင်ကို စဉ်းစား၍ ရေးဆွဲရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

- ■ ဘယ်လိုအိမ်မှာနေချင်သလဲဟု ကလေးများကိုမေးမည်။
- ● နေထိုင်လိုသည့် အိမ်ကိုစဉ်းစား၍ ဖြေမည်။
- ■ ကလေးများဖြေကြားထားသည့် အိမ်များအပြင် ခြေတံရှည်အိမ်၊ နန်းတော်ကြီးကဲ့သို့သောအိမ်၊ တောင်ကုန်းပေါ်က အိမ်၊ ပင်လယ်ကမ်းစပ်မှအိမ် စသည်ဖြင့် အိမ်အမျိုးမျိုးရှိကြောင်း ဥပမာပေး၍ ရှင်းပြမည်။
- ■ မိမိတို့နေထိုင်လိုသည့်အိမ်ကို ရေးဆွဲ၍ နေထိုင်လိုသည့် ပတ်ဝန်းကျင်ကို ဖြည့်စွက်ရေးဆွဲကြမည်ဖြစ်ကြောင်းပြောကာ နိဒါန်းပျိုးမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ အုပ်စုဖွဲ့၍ အုပ်စုအလိုက်သင်ထောက်ကူပစ္စည်းများကို ဝေပေးမည်။
- ■ မိမိနေထိုင်ချင်သည့် အိမ်ပုံကို စဉ်းစားစေပြီး စဉ်းစားထားသည့်အကြောင်းအရာကို ကလေးအချင်းချင်းပြောစေမည်။
- ■ မိမိနေထိုင်ချင်သည့် အိမ်ပုံကို သင်ပုန်းပေါ်တွင် ဆွဲပြမည်။
- ■ ကလေးများစဉ်းစားထားသည့် အိမ်ပုံကို ရေးဆွဲစေမည်။
- ● နေထိုင်ချင်သည့် အိမ်ကို ရေးဆွဲမည်။
- ■ နေထိုင်ချင်သည့် ပတ်ဝန်းကျင်ကို ဖြည့်စွက်ရေးဆွဲပြမည်။
- ■ ကလေးများအား မိမိတို့နေထိုင်ချင်သည့် ပတ်ဝန်းကျင်ကို စဉ်းစား၍ ဖြည့်စွက်ရေးဆွဲအရောင်ခြယ်စေမည်။ ဆရာက လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများကို ကူညီပံ့ပိုးပေးမည်။
- ● ပတ်ဝန်းကျင်ကို ဖြည့်စွက်ရေးဆွဲပြီးပါက အရောင်ခြယ်မည်။
- ■ ပုံကို ရေးဆွဲပြီးပါက မိမိအမည်ကို ပုံ၏ညာဘက်အောက်ထောင့်တွင် ရေးစေမည်။ အိမ်နှင့် ပတ်ဝန်းကျင်၏ဆက်စပ်မှုကို စကားလုံးအနည်းငယ်ဖြင့် ရေးသားရှင်းပြစေမည်။

**အခန်း(၃) ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း**

**သင်ခန်းစာ(၂) မိမိနေထိုင်ချင်သော အိမ်နှင့်ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း**




၁၆

**သတိပြုရမည့်အချက်များ**

1. ၁ ပုံကိုစာရွက်အပြည့်ရေးရန် ညွှန်ကြားမည်။
2. ၂ ကလေးများက အခြားကလေးများ၏ ပုံကို အတုယူရေးဆွဲခြင်း မပြုဘဲ မိမိကိုယ်တိုင်စဉ်းစား၍ရေးဆွဲရန် ညွှန်ကြားမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း။

| | |
|---|---|
| A | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို အသေးစိတ်စုံလင်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲနိုင်ခြင်း။ |
| C | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို မရေးဆွဲနိုင်ခြင်း။ |

DBE Box - Copyright Protected


ကလေးလက်ရာများ။

သားက ရေကူးကန်ကလေး ဖြည့်ဆွဲထားတယ်

၃

သူငယ်ချင်းကဘာပုံဆွဲထားတာလဲ

သားဆွဲထားတဲ့ ပုံကလေးကို ရှင်းပြပါအုံး

သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ

ဖယောင်းရောင်စုံ

၁၇

## သတိပြုရမည့်အချက်များ

**၃** ရေးဆွဲထားသောပုံ၏ အရောင်ကို စဉ်းစား၍ ဆေးခြယ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသောအိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို ရှင်းပြခြင်း။

| | |
|---|---|
| A | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ဆက်စပ်မှုကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို ရှင်းပြနိုင်ခြင်း။ |
| C | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဂုံး (၅ မိနစ်)

■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း နေထိုင်ချင်သော အိမ်နှင့်ပတ်ဝန်းကျင်ကို မည်ကဲ့သို့ဆက်စပ်ရေးဆွဲထားကြောင်း ရှင်းပြစေမည်။ ကောင်းသောအချက်များကို ချီးကျူးစေမည်။

ဥပမာ- ကျွန်တော်ကကားကို သဘောကျလို့ အိမ်နားမှာ ကားတွေ အများကြီးသွားနေတဲ့ လမ်းမကြီးကို ဆွဲထားတယ်။

● အချင်းချင်း အပြန်အလှန်ရှင်းလင်းပြသ၍ ချီးကျူးမည်။

■ ကလေးအနည်းငယ်ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။

ဥပမာ- ရေကူးတာကို ကြိုက်လို့ အိမ်နားမှာ ရေကူးကန်လေး ထပ်ဖြည့်ဆွဲထားတယ်။

DBE Box - Copyright Protected

# ၃-၃ ချစ်ခင်သောသူများ၏ ရုပ်ပုံများ ရေးဆွဲခြင်း

**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

ချစ်ခင်နှစ်သက်သူ၏ ပုံကို ထူးခြားချက်များထည့်သွင်းရေးဆွဲ၍ ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ကလေးများအား မိမိတို့ချစ်ခင်နှစ်သက်သောသူကို မေးမည်။
- ● မိမိတို့ ချစ်ခင်နှစ်သက်သောသူကို ပြောမည်။
- ■ သင်ပုန်းပေါ်တွင် ပုံကို ဆွဲပြပြီး ၎င်းပုံသည် မိမိချစ်ခင်နှစ်သက်သောသူဖြစ်ကြောင်း၊ အဘယ်ကြောင့် ချစ်ခင်နှစ်သက်ရကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကျောင်းသားဦးရေကို လိုက်၍အုပ်စုဖွဲ့ပြီး သင်ထောက်ကူပစ္စည်းများကို ဝေပေးမည်။
- ■ မိမိတို့ချစ်ခင်နှစ်သက်သောသူ၊ ထိုသူ၏ ထူးခြားချက်နှင့် အဘယ်ကြောင့် ချစ်ခင်နှစ်သက်ရကြောင်းကို စဉ်းစားစေမည်။ ဥပမာ- မျက်မှန်တပ်ထားသောသူ၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးပေါက်နေသောသူ၊ ငါးဟင်းအလွန်ကြိုက်သူ။
- ■ ကျောင်းသားအနည်းငယ်အား စဉ်းစားထားသည့် အကြောင်းအရာကို ပြောပြစေမည်။
- ● စဉ်းစားထားသည့်အကြောင်းအရာကို ပြောမည်။
- ■ ချစ်ခင်နှစ်သက်သောသူ၏ ထူးခြားချက်များထည့်သွင်းရေးဆွဲစေပြီး ဆေးရောင်ခြယ်စေမည်။ ဆရာကလှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသောကလေးများအားကူညီပံ့ပိုးပေးမည်။
- ● ထူးခြားချက်များကိုထည့်သွင်း၍ ချစ်ခင်နှစ်သက်သောသူ၏ပုံကို ရေးဆွဲဆေးရောင်ခြယ်မည်။
- ■ ပုံကို ရေးဆွဲပြီးပါက မိမိအမည်ကို ပုံ၏ညာဘက်အောက်ထောင့်တွင် ရေးစေမည်။ ထိုသူအား ချစ်ခင်ရသည့်အကြောင်းအရင်းနှင့် ထူးခြားချက်ကို စာအနည်းငယ်ဖြင့် ရေးသားရှင်းပြစေမည်။


အခန်း(၃) ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း

သင်ခန်းစာ(၃) ချစ်ခင်သောသူများ၏ ရုပ်ပုံများရေးဆွဲခြင်း



၁၈

## သတိပြုရမည့်အချက်များ

**၁** ဆရာ၏ပုံကို အတုယူရေးဆွဲသည့် ကလေးများရှိနိုင်သည့်အတွက်ကျောင်းသုံးစာအုပ်ရှိ နမူနာပုံစံအမျိုးမျိုးကို ပြသလျှင် ပိုကောင်းသည်။

**၂** တစ်ကိုယ်လုံးပုံဆွဲလျှင် စက္ကူကို ဒေါင်လိုက်၊ ကိုယ်တစ်ပိုင်းပုံဆွဲလျှင် အလျားလိုက် ဆွဲနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ချစ်ခင်နှစ်သက်သောသူ၏ ထူးခြားချက်ကို စဉ်းစား၍ ပုံဆွဲခြင်း။

| | |
|---|---|
| A | ချစ်ခင်နှစ်သက်သောသူ၏ ပုံကို သေသပ်လှပစွာ ရေးဆွဲနိုင်ခြင်း။ |
| B | ချစ်ခင်နှစ်သက်သောသူ၏ ပုံကို ရေးဆွဲနိုင်ခြင်း။ |
| C | ချစ်ခင်နှစ်သက်သောသူ၏ ပုံကို မရေးဆွဲနိုင်ခြင်း။ |

DBE Box Copyright Protected

ကလေးလက်ရာများ။






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ



ဖယောင်းရောင်စုံ

၁၉

## သတိပြုရမည့်အချက်များ

၃ ပုံကို စက္ကူအပြည့်ရေးဆွဲစေမည်။

၄ အရောင်ခြယ်ရာတွင် ထိုသူ၏ကြိုက်နှစ်သက်သောအရောင် စသည်ဖြင့် ထူးခြားချက်ကို စဉ်းစား၍ ခြယ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ချစ်ခင်ရသည့် အကြောင်းအရင်းနှင့် ထူးခြားချက်ကို ပုံနှင့်တကွ ရှင်းပြခြင်း။

| | |
|---|---|
| A | ပုံနှင့်တကွ အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| B | ပုံနှင့်တကွ ရှင်းပြနိုင်ခြင်း။ |
| C | မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## နိဂုံး (၅ မိနစ်)

- နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း ရေးဆွဲထားသည့်ပုံများကို ပြကာ ချစ်ခင်နှစ်သက်ရသည့်အကြောင်း အရင်းနှင့် ထူးခြားချက်ကို ရှင်းပြစေမည်။ ကောင်းသော အချက်များကို ချီးကျူးစေမည်။

  ဥပမာ- ချစ်ခင်နှစ်သက်တဲ့ မကြီးရဲ့ ပုံလေးဆွဲထားတယ်။ မကြီးက စာတော်တယ်။

- ● ပုံများကို ပြကာ ချစ်ခင်နှစ်သက်ရသည့်အကြောင်းအရင်း နှင့် ထူးခြားချက်ကို ပြောမည်။
- ကလေးအချို့ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။

DBE Box - Copyright Protected

# ၃-၄ ရုပ်ပုံများကို ပူးပေါင်းဖန်တီးရေးဆွဲခြင်း
**စာသင်ချိန် ၂ ချိန်**

**သင်ယူမှုဦးတည်ချက်**

ပုံကို အဖွဲ့လိုက်ပူးပေါင်းရေးဆွဲ ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

စက္ကူအကြီး (A4 စက္ကူ ၄ ရွက်ကို ကော်ဖြင့်ဆက်၍ အသုံးပြုနိုင်သည်)၊ ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ သူငယ်ချင်းတွေနဲ့ ပူးပေါင်းပြီး ပုံရေးဆွဲဖူးသလားဟု မေးမည်။
- ■ သူငယ်ချင်းများနဲ့ ပူးပေါင်းပြီး ရုပ်ပုံများရေးဆွဲကြမည်ဖြစ်ကြောင်းပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ပုံဆွဲရာတွင် လွယ်ကူစေရန် စာသင်ခုံများကို ဆက်၍ပြင်ဆင်ထားစေမည်။ အတန်းတွင်းရှိ ကျောင်းသားဦးရေကိုလိုက်၍ အုပ်စုများဖွဲ့မည်။ အုပ်စုအမည်သတ်မှတ်ပေးမည်။
- ■ အုပ်စုများကို သင်ထောက်ကူပစ္စည်းများ ခွဲဝေပေးမည်။
- ■ ပုံရေးဆွဲမည့်စာရွက်ကို အုပ်စု၏ အလယ်တွင်ထားစေမည်။ မည်သည့်ပုံရေးဆွဲမည်ကို ကလေးများ တိုင်ပင်ဆွေးနွေးစေမည်။ ရေးဆွဲမည့်ခေါင်းစဉ်ကို သတ်မှတ်စေမည်။ ဥပမာ-ကျောင်း၊ ပန်းခြံ၊ လယ်ကွင်း၊ တိရစ္ဆာန်ရုံ။
- ■ ထို့နောက်အုပ်စုကိုယ်စားလှယ်တစ်ဦးက မိမိရေးဆွဲမည့်ခေါင်းစဉ်ကို ပြောပြစေမည်။
- ■ စဉ်းစားထားသောခေါင်းစဉ်နှင့် လိုက်ဖက်သောပုံကို စုပေါင်း၍ အကြမ်းရေးဆွဲစေမည်။
- ● ရေးဆွဲမည့်အကြောင်းအရာကို သတ်မှတ်ပြီး ပူးပေါင်း၍ ခဲတံဖြင့် ရုပ်ပုံအကြီး ရေးဆွဲမည်။
- ■ ကလေးများရေးဆွဲနေသည်ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးမည်။

**နိဂုံး (၅ မိနစ်)**

- ■ ပုံကြမ်းရေးဆွဲပြီးပါက အုပ်စုအမည်ကို ရုပ်ပုံကားချပ်၏ နောက်ကျောတွင် ရေးစေပြီး ဆရာ့ထံ အပ်နှံစေမည်။

အခန်း(၃) ရုပ်ပုံများကို စိတ်ကူးဖြင့် ရေးဆွဲခြင်း

**သင်ခန်းစာ(၄) ရုပ်ပုံများကို ပူးပေါင်းဖန်တီးရေးဆွဲခြင်း**




၁




၂




၂၀

**သတိပြုရမည့်အချက်များ**

၁ တိုင်ပင်ဆွေးနွေးထားသောခေါင်းစဉ်နှင့် လိုက်ဖက်သည့် ပုံကို ရေးဆွဲနိုင်ရန် ပံ့ပိုးကူညီပေးရမည်။

၂ အုပ်စုအတွင်း ကလေးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် လှုံ့ဆော်မှုပေးရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ပုံကို ပူးပေါင်းဆွေးနွေးရေးဆွဲခြင်း။

| | |
|---|---|
| A | ဆွေးနွေးထားသည့်အတိုင်း ကောင်းမွန်စွာ ပူးပေါင်းရေးဆွဲနိုင်ခြင်း။ |
| B | ကောင်းမွန်စွာ ပူးပေါင်း ရေးဆွဲနိုင်ခြင်း။ |
| C | ပူးပေါင်း မရေးဆွဲနိုင်ခြင်း။ |

DBE Box - Copyright Protected


ကလေးလက်ရာများ။

၄

၃



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ    ဖယောင်းရောင်စုံ    တိပ်

၂၁

## သတိပြုရမည့်အချက်များ

၃ ရှင်းပြနေချိန်တွင် အခြားသောအဖွဲ့များနားထောင်စေရန် ဆရာက သတိပေးရမည်။

၄ စာသင်ချိန်ပြီးဆုံးပါက အဖွဲ့အသီးသီး၏ လက်ရာများကို ကျောင်းစာသင်ခန်းနံရံတွင်လည်း ကပ်၍ထားနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အုပ်စုအလိုက်ရေးဆွဲထားသည့် ပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | အုပ်စုအလိုက် ရေးဆွဲထားသောပုံနှင့် ပတ်သက်၍ ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| B | အုပ်စုအလိုက် ရေးဆွဲထားသောပုံနှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| C | ရေးဆွဲထားသောပုံနှင့် ပတ်သက်၍ မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

## နိဒါန်း (၅ မိနစ်)

- ■ အုပ်စုအလိုက် ရေးဆွဲခဲ့သောပုံကို ပီပြင်လာစေရန်ဖယောင်းရောင်စုံဖြင့် ဆေးရောင်ခြယ်ကြရမည်ဖြစ်ကြောင်းပြောမည်။

## သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ ဆရာ့ထံတွင် အုပ်စုအလိုက်အပ်နှံထားသော ပုံများနှင့် ဖယောင်းရောင်စုံများကို လာယူစေမည်။
- ■ အုပ်စုအလိုက်ရုပ်ပုံကားချပ်ပေါ်တွင် ဖယောင်းရောင်စုံများဖြင့် ဆေးရောင်ခြယ်စေမည်။
- ● ဆရာ၏ ညွှန်ကြားချက်အတိုင်း အုပ်စုအလိုက်တိုင်ပင်ဆွေးနွေးပြီးရုပ်ပုံကို ဆေးရောင်ခြယ်ကြမည်။
- ■ ပိုမိုပေါ်လွင်စေရန်ရုပ်ပုံများကို ရင့်သောအရောင်ဖြင့်အနားမျဉ်းများကို ထူထူရေးဆွဲစေမည်။
- ■ ကလေးများ ဆေးရောင်ခြယ်နေစဉ် လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီမည်။
- ■ ရေးဆွဲပြီးပါက ခုံပေါ်တွင် တင်ထားစေမည်။

## နိဂုံး (၅ မိနစ်)

- ■ အုပ်စုအလိုက်မိမိတို့မည်သည့်အကြောင်းအရာကို ရေးဆွဲခဲ့သည်ကို ရှင်းပြစေမည်။
- ● အုပ်စုအလိုက်ရှင်းပြသော အကြောင်းအရာကို စိတ်ဝင်တစားနားထောင်ကြမည်။

DBE Box - Copyright Protected

# ၄-၁ ပလတ်စတစ်ဘူးခွံကို အသုံးပြု၍ ခွက်ပြုလုပ်ခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

ပလတ်စတစ်ဘူးခွံကို အသုံးပြု၍ ခွက်ပြုလုပ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ဆရာ- A4 စက္ကူတစ်ရွက် (တစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ကော်၊ ကတ်ကြေး၊ ဖယောင်းရောင်စုံ၊ နမူနာပစ္စည်း၊ ဆော့ပင်။

ကျောင်းသား- ရေသန့်ဘူးခွံ၊ အဝတ်စ (လူကြီးလက်တစ်ဖဝါး စာ)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ရေသန့်ဘူးခွံတွေကို ကလေးတို့မြင်ဖူးကြတယ်နော်။ ရေသန့်ဘူးခွံနဲ့ ဘာတွေပြုလုပ်နိုင်သလဲဟု မေးမည်။

● ရေသန့်ဘူးခွံဖြင့် ပြုလုပ်နိုင်သည်ဟု ထင်သောအရာများကို ဖြေမည်။

■ အသင့်ပြုလုပ်ထားသည့် ဘောပင်ထည့်ထားသောခွက်ကို ပြသပြီး ရေသန့်ဘူးခွံဖြင့် ပြုလုပ်ထားကြောင်း ပြောပြီး နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို ကလေးများအား ပထမဦးစွာ မေးမည်။

■ အုပ်စုဖွဲ့၍ အုပ်စုအလိုက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ဝေပေးမည်။

■ ဆရာကြိုတင်ဖောက်ပေးထားသောအပေါက်တွင်ကတ်ကြေး၏ အောက်သွားကို ထိုးသွင်းပြီး အန္တရာယ်ကင်းရှင်းအောင် သတိပြု၍ ရေသန့်ဘူး၏ ပတ်လည်ကို ပိုင်းဖြတ်စေမည်။

● အန္တရာယ်ကင်းရှင်းအောင် ရေသန့်ဘူးခွံကို ပိုင်းဖြတ်မည်။

■ ရရှိလာသော ခွက်၏ အနားသတ်များ ချောမွတ်စေရန် ကတ်ကြေးဖြင့် ညှိယူစေမည်။

● ကတ်ကြေးဖြင့် ခွက်၏အနားကို အချောသပ်ကြမည်။

■ ခွက်၏ အမြင့်ကို စက္ကူ၏ အရှည်အတိုင်း တိုင်းကာ ညှပ်စေမည်။ ထို့နောက်မိမိကြိုက်နှစ်သက်သော ဒီဇိုင်းများရေးဆွဲပြီး ဆေးရောင်ခြယ်စေမည်။


■ ညှပ်၍ပိုသော စက္ကူစများနှင့် ဘူးခွံအပေါ်ပိုင်းကို ဆရာ့ထံသို့ အပ်နှံစေမည်။

**အခန်း(၄)** လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း

**သင်ခန်းစာ(၁)** ပလတ်စတစ်ဘူးခွံကို အသုံးပြု၍ ခွက်ပြုလုပ်ခြင်း




၁ ပြုလုပ်ပုံအဆင့်ဆင့်



၁။ အသင့်ဖောက်ထားသော အပေါက် မှစ၍ ပတ်လည်ပိုင်းဖြတ်ပါ။

၂။ မညီညာသောအစများကို ချောမွေ့အောင် ညှပ်ပါ။

၃။ ပုံပါအတိုင်းခွက်နဲ့စက္ကူကို တိုင်းထွာပြီး ညှပ်ပါ။

၄။ စက္ကူ၏တစ်ဖက်တွင် ဒီဇိုင်း ဆွဲ၍ ဆေးခြယ်ပါ။

၅။ ရေးဆွဲပြီးစက္ကူကျောဘက် ကို ကော်သုတ်ပါ။

၆။ ကော်သုတ်ပြီးစက္ကူကို ဘူးခွံတွင် ကပ်ပါ။

၂၂

**သတိပြုရမည့်အချက်များ**

၁ ရေသန့်ဘူးကို အပေါက်ဖောက်ရာတွင် ဆရာအနေဖြင့် ကတ်ကြေး၊ ဓားတို့ကို အသုံးပြုရသည့်အတွက် အန္တရာယ် မဖြစ်စေရန် အထူးသတိပြုပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ပလတ်စတစ်ဘူးခွံဖြင့် သေသပ်လှပသောခွက် ပြုလုပ်ခြင်း။

| | |
|---|---|
| A | သေသပ်လှပသောခွက်ကို ရေးခြယ်ပြုလုပ်နိုင်ခြင်း။ |
| B | ခွက်ပြုလုပ်နိုင်ခြင်း။ |
| C | ခွက်မပြုလုပ်နိုင်ခြင်း။ |

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

၂ လက်တွင်ကော်များပေကျံပါက အဝတ်စဖြင့် သန့်ရှင်းရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပြုလုပ်ထားသောခွက်ကို မည်ကဲ့သို့ အသုံးပြုမည်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ရှင်းပြနိုင်ခြင်း။ |
| C | မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ ကလေးများအားလုံး ဒီဇိုင်းရေးဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်းများပြုလုပ်ပြီးပါက တစ်ဖက်စာမျက်နှာအနှံ့ ကော်သုတ်စေမည်။
- ● ဒီဇိုင်းရေးဆွဲထားခြင်းမရှိသော စာမျက်နှာတစ်ဖက်တွင် ကော်သုတ်မည်။
- ■ ကော်သုတ်ပြီး စက္ကူကို ခွက်တွင် စနစ်တကျ ကပ်စေမည်။ ဆရာက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ကူညီပံ့ပိုးပေးမည်။
- ■ မိမိပြုလုပ်ထားသောပစ္စည်းကို မည်သို့ အသုံးပြုမည်ကို စဉ်းစားစေမည်။

## နိဂုံး (၅ မိနစ်)

- ■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်သည့်ပစ္စည်းဖြစ်ကြောင်းနှင့် မည်ကဲ့သို့ အသုံးပြုမည်ကို ရှင်းပြစေမည်။ ကောင်းသောအချက်များကို ချီးကျူးစေမည်။
- ● ကလေးများက မိမိလက်ရာအကြောင်းကို ပြောကြမည်။ ဥပမာ- ကျွန်တော်ကတော့ ခဲတံထည့်တဲ့ ခွက်ကလေးလုပ်ထားတယ်။ ခဲတံလေးတွေ ထည့်ထားပြီး စားပွဲပေါ်မှာထားမယ်။
- ■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။
- ■ ယနေ့သင်ခန်းစာသည် စွန့်ပစ်ပစ္စည်းဖြစ်သော ပလတ်စတစ်ဘူးခွံကို အသုံးပြု၍ လက်မှုပစ္စည်းများဖန်တီးနိုင်ကြောင်း ရှင်းပြမည်။

မှတ်ချက်

ကလေးတစ်ဦးလျှင် ရေသန့်ဘူးခွံ တစ်ဘူးယူဆောင်လာရန် ၂ ရက်၊ ၃ ရက်ခန့် ကြိုတင်မှာကြားရမည်။ ဆရာကကြိုတင်၍ ရေသန့်ဘူးအောက်ခြေမှ ၃ လက်မ အကွာတွင် အပေါက်ဖောက်ထားရမည်။ အပေါက်နေရာကို ပိုမြင်သာစေရန် ဆော့ပင်ဖြင့် အမှတ်အသား ပြုလုပ်ရမည်။ ပိုနေသော ရေသန့်ဘူးခွံအပိုင်းများကို သင်ခန်းစာပြီးဆုံးပါက စနစ်တကျ စွန့်ပစ်ရမည်။

DBE Box - Copyright Protected

# ၄-၂ စက္ကူညှပ်၍ ရုပ်ကြွ (Pop-up)များ ပြုလုပ်ခြင်း

**စာသင်ချိန် ၂ ချိန်**

**သင်ယူမှုဦးတည်ချက်**

စက္ကူကို ညှပ်၍ ရုပ်ကြွပြုလုပ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက် (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ဖယောင်းရောင်စုံ၊ ကော်၊ ကတ်ကြေး၊ ကြိုတင်ပြုလုပ်ထားသော နမူနာလက်ရာ ၂ ခု (ရုပ်ပုံမကပ်မီနှင့် ကပ်ပြီး)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ အပြီးသတ်ပြုလုပ်ထားသောနမူနာလက်ရာကို အဖွင့်အပိတ်ပြုလုပ်ပြမည်။
- ■ ထို့နောက် ရုပ်ပုံမကပ်ရသေးသောပုံကိုပြ၍ ပုံများကို ကပ်၍ ပြုလုပ်ထားကြောင်းပြောမည်။
- ■ ပထမစာသင်ချိန်တွင် စက္ကူ ဒေါက်တိုင်နှင့် ပုံများကို ရေးဆွဲပြီး ဒုတိယစာသင်ချိန်တွင် ပုံများကို ကပ်ရမည့်သင်ခန်းစာဖြစ်ကြောင်း ပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**


- ■ ကတ်ကြေး အသုံးပြုပုံ၊ အသုံးပြုနည်းနှင့် သတိပြုရမည့် အချက်များကို ကလေးများအားမေးမည်။
- ■ အဖွဲ့လိုက်သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ ပြုလုပ်ပုံအဆင့် ၁ မှ ၅ အထိကို အဆင့်အလိုက်ဆရာနှင့်အတူ ပြုလုပ်စေမည်။
- ● ညွှန်ကြားမှုအတိုင်း ပြုလုပ်ကြမည်။
- ■ လိုအပ်ချက်ရှိသော ကလေးကို ကူညီမည်။
- ● မိမိရေးဆွဲလိုသောပုံများကို စဉ်းစားရေးဆွဲမည်။
- ■ ကျန်ရှိသော A4 စက္ကူတစ်ဝက်တွင် စက္ကူရုပ်ကြွပြုလုပ်မည့်ပုံကို ရေးစေမည်။ မည်ကဲ့သို့သော အရွယ်အစားရှိသည့်ပုံကို ဆွဲရမည်ကို ရှင်းပြမည်။
- ● အရွယ်အစားကို သတိပြု၍ စက္ကူရုပ်ကြွပုံ ၃ ပုံကို လွတ်လပ်စွာ ဆွဲမည်။


**နိဂုံး (၅ မိနစ်)**

- ● စက္ကူဒေါက်တိုင်နှင့် ရေးဆွဲထားသောပုံများကို ဒုတိယအချိန်တွင် ပြန်လည်အသုံးပြုမည်ဖြစ်၍ အမည်ရေးကာ ဆရာ့ထံ အပ်နှံစေမည်။

**အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း**

**သင်ခန်းစာ(၂) စက္ကူညှပ်၍ ရုပ်ကြွ (Pop-up)များ ပြုလုပ်ခြင်း**




၂၄

**သတိပြုရမည့်အချက်များ**

၁ စက္ကူဒေါက်တိုင်ညှပ်ရာတွင် ဒေါက်တိုင်၃ခုစလုံးကို ဆရာက ညှပ်ပြ၍ ကလေးများကို အတူတကွ လိုက်လုပ်စေမည်။

၂ စက္ကူဒေါက်တိုင် ညှပ်ပြီးနောက် စုတ်ပြဲမသွားစေရန် ညင်သာစွာ ခေါက်ချိုး၍ ခေါက်ရာပေးမည်။


**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ရုပ်ကြွပုံကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | ရုပ်ကြွပုံကို သေသပ်စွာ ပြုလုပ်နိုင်ခြင်း။ |
| B | ရုပ်ကြွပုံကို ပြုလုပ်နိုင်ခြင်း။ |
| C | ရုပ်ကြွပုံကို မပြုလုပ်နိုင်ခြင်း။ |

DBE Box Copyright Protected

ကလေးလက်ရာများ။







သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ | ဖယောင်းရောင်စုံ | ကော် | ကတ်ကြေး

၂၅

## သတိပြုရမည့်အချက်များ

၃ ရုပ်ပုံကို ကပ်ရာတွင် အရင်းမှစ၍ ဖြောင့်တန်းနေစေရန်သတိပြုရမည်။

၄ ခေါက်ချိုးရာတွင် ကပ်မနေစေရန် ရုပ်ပုံတွင် ကော်မကပ်ဘဲ စက္ကူဒေါက်တိုင်တွင် ကော်ကပ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပြုလုပ်ထားသောပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | ပြုလုပ်ထားသောပုံနှင့် ပတ်သက်၍ ပြည့်စုံစွာ ရှင်းပြနိုင်ခြင်း။ |
| B | ပြုလုပ်ထားသောပုံနှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| C | ပြုလုပ်ထားသောပုံနှင့် ပတ်သက်၍ မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

### နိဒါန်း (၅ မိနစ်)

- ■ သိမ်းဆည်းထားသောစက္ကူဒေါက်တိုင်နှင့် ပုံများကို ပြန်လည်ဝေပေးမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ ရေးဆွဲထားသောပုံများကို အရောင်ခြယ်ပြီး ကတ်ကြေးဖြင့် ညှပ်ယူစေမည်။
- ■ ညှပ်ထားသောပုံများကို စက္ကူဒေါက်တိုင်တွင် ကော်ဖြင့် ကပ်စေမည်။
- ■ လှည့်လည်ကြည့်ရှု၍ လိုအပ်သော ကလေးများကို ပံ့ပိုးကူညီမည်။
- ● ဆရာ၏ ညွှန်ကြားချက်အတိုင်း ပြုလုပ်မည်။
- ■ ရေးဆွဲလိုသည့် နောက်ခံရှုခင်းကို ကလေးများ စဉ်းစားရေးခြယ်စေမည်။ ရေးခြယ်ထားသည့်အကြောင်းအရာနှင့် လိုက်ဖက်သည့်အမည်ကို ပုံတွင် ရေးစေမည်။
- ● ရေးခြယ်ပြီး အမည်တပ်မည်။

### နိဂုံး (၅ မိနစ်)

- ■ ကလေးများပြုလုပ်ထားသည့် လက်ရာကို အချင်းချင်းပြသစေပြီး မည်သည့်အရာပြုလုပ်ထားသည်ကို ပြောစေမည်။

  ကောင်းသောအချက်များကို ချီးကျူးစေမည်။
- ● ကလေးများအချင်းချင်း ရှင်းလင်းပြောဆိုမည်။
- ■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ပြောစေမည်။

မှတ်ချက်

စက္ကူဒေါက်တိုင်ပြုလုပ်ရန်အတွက် ဦးစွာ စက္ကူကို တစ်ဝက်ခေါက်မည်။ ထို့နောက်ထပ်မံ တစ်ဝက်ခေါက်ပြီး ခေါက်ရာပေး၍ ထိုခေါက်ရာကို မကျော်လွန်စေရန် ဒေါက်တိုင်၏ မျဉ်းကြောင်းများကို ရေးပြီး ညှပ်စေမည်။
ဒေါက်တိုင် ၃ ခု ပြုလုပ်စေမည်ဖြစ်ပြီး တစ်ခုနှင့် တစ်ခုကြား အကွာအဝေးကို လက်ညှိုးတစ်လုံးစာ ခြား၍ ညှပ်စေမည်။

DBE Box - Copyright Protected

# ၄-၃ ကစားစရာ လေထီးပြုလုပ်ခြင်း
## စာသင်ချိန် ၂ ချိန်

**သင်ယူမှုဦးတည်ချက်**

ပလတ်စတစ်အိတ်ဖြင့် ကစားစရာ လေထီးပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ (ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ၊ ကတ်ကြေး၊ ပလတ်စတစ်အိတ် (တစ်ဦးလျှင် ၂ အိတ်)(၁၂×၁၅၊ ၅×၉)၊ တိပ်၊ ပလတ်စတစ်ကြိုး (တစ်ပေခွဲအရှည်)၊ ဆော့ပင်၊ ကြိုတင်ပြုလုပ်ထားသော လေထီး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

### နိဒါန်း (၅ မိနစ်)


- ■ လေထဲကို လွှတ်တင်နိုင်တဲ့ ကစားစရာတွေနဲ့ ကစားခဲ့ဖူးသလား၊ ဘယ်လို ကစားစရာတွေလဲဟုမေး၍ နိဒါန်းပျိုးမည်။
- ● လေရဟတ်ပြုလုပ်ကစားခဲ့ဖူးကြောင်းကို ဖြေမည်။
- ■ ကြိုတင်ပြုလုပ်ထားသော လေထီးကို လွှတ်ပြပြီး လေထီးပြုလုပ်ကစားမည်ဖြစ်ကြောင်းပြောမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ အုပ်စုများဖွဲ့၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ တစ်ပေခွဲရှည်သောကြိုးစကို တစ်ဦးလျှင် နှစ်ချောင်းစီဝေ၍ ကြိုး ၈ ချောင်းဖြစ်အောင် ခွဲထုတ်စေမည်။
- ● ကြိုး ၈ ချောင်းခွဲမည်။
- ■ ပြုလုပ်ပုံ အဆင့်ဆင့်ကို တစ်ဆင့်ချင်းစီ ဆရာနှင့်အတူ လုပ်ဆောင်စေမည်။
- ● ဆရာနှင့်အတူတကွ တစ်ဆင့်ချင်းစီလုပ်ဆောင်မည်။

### နိဂုံး (၅ မိနစ်)

- ■ မိမိတို့၏ အမည်ကို စက္ကူတွင်ရေးပြီး ပလတ်စတစ်အိတ်တွင် ပြုလုပ်ထားသောလေထီးနှင့်အတူတကွထည့်၍ ဆရာ့ထံ အပ်နှံစေမည်။


အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၃) ကစားစရာ လေထီးပြုလုပ်ခြင်း

ပုံပါအတိုင်းအဆင့်ဆင့်ပြုလုပ်ပါ ၁

၁။ ပလတ်စတစ်အိတ်ကို အလယ်မှ ခေါက်ပါ။
၂။ ထပ်မံ၍ အလယ်မှ ခေါက်ပါ။
၃။ ပုံအတိုင်း ခေါက်ရိုးထိပ်မှ ထောင့်ချိုးခေါက်ပါ။
၄။ ထပ်မံ၍ ထောင့်ချိုးမှ ခေါက်ပါ။
၅။ ပိုနေသောအပိုင်းကို ဖြတ်ရန်နေရာမှတ်ပါ။
၆။ မှတ်ထားသောနေရာမှ ဖြတ်ပါ။
၇။ ဖြန့်၍ ကြိုး ၈ချောင်းကို တိပ်ဖြင့် ကပ်ပါ။
၈။ ကြိုးစများကို ညီအောင် ချည်ပါ။

၂၆

**သတိပြုရမည့်အချက်များ**

၁ ပလတ်စတစ်အိတ်သည် ကိုင်တွယ်ရန် ခက်ခဲသည့်အတွက် သတိထားကိုင်တွယ် ညှပ်ယူရမည်ဖြစ်ကြောင်း ပြောမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**


၁။ ပလတ်စတစ်အိတ်ဖြင့် လေထီးကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | လေထီးကို သပ်ရပ်စွာ ပြုလုပ်နိုင်ခြင်း။ |
| B | လေထီးကို ပြုလုပ်နိုင်ခြင်း။ |
| C | လေထီးကို မပြုလုပ်နိုင်ခြင်း။ |

DBE Box - Copyright Protected



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ   ဖယောင်းရောင်စုံ   ကတ်ကြေး   ပလတ်စတစ်အိတ်   တိပ်   ပလတ်စတစ်ကြိုး   ဆေးပင်

၂၇

## သတိပြုရမည့်အချက်များ

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ လေထီးကို လွှတ်တင်ခြင်း။

| | |
|---|---|
| A | လေထီးကို ကောင်းစွာ လွှတ်တင်နိုင်ခြင်း။ |
| B | လေထီးကို လွှတ်တင်နိုင်ခြင်း။ |
| C | လေထီးကို မလွှတ်တင်နိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

### နိဒါန်း (၅ မိနစ်)

- ■ ပထမအချိန်တွင် ဆရာ့ထံအပ်နှံထားသည်များကို လာယူစေမည်။ သင်ထောက်ကူပစ္စည်းများကိုလည်း တစ်ပါတည်း ယူဆောင်သွားစေမည်။
- ● မိမိပြုလုပ်ထားသော လေထီးနှင့် သင်ထောက်ကူပစ္စည်းများကို ဆရာ့ထံမှ ယူမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ လေထီးအောက်ခြေတွင် ချိတ်ဆွဲနိုင်ရန် A4 စက္ကူတစ်ဝက်ကို အလယ်မှ ခေါက်ပြီး နှစ်ပိုင်းညှပ်ယူမည်။
- ■ ရရှိလာသောတစ်ပိုင်းကို ၅ ကြိမ်ခန့်ခေါက်ထားပြီး သေးငယ်သော အလေးကို ပြုလုပ်မည်။
- ■ အလေးနှင့် လေထီးရှိ ကြိုး ၈ ချောင်းကို တိပ်ဖြင့် ကပ်မည်။ ကျန်ရှိသော A4 စက္ကူတစ်ပိုင်းကို လူရုပ်ပုံ ညှပ်၍ ဆေးရောင်ခြယ်စေမည်။ ဆေးရောင်ခြယ်ထားသောပုံကို အလေးတွင် ခိုင်မြဲစွာ ကပ်ရမည်ဖြစ်ကြောင်း ပြောမည်။
- ■ အပြင်ကိုထွက်ကာ လေထီးကိုခေါက်၍ လွှတ်တင်ပုံ၊ လွှတ်တင်နည်းကို ရှင်းပြမည်။
- ● အပြင်သို့ ထွက်၍ ပြုလုပ်ထားသော လေထီးကို လွှတ်တင်ကစားမည်။

### နိဂုံး (၅ မိနစ်)

- ■ ကလေးအချင်းချင်း လေထီးနှင့် ကစားနေသည်ကို ကြည့်၍ ကောင်းသောအချက်များကို အချင်းချင်းပြောစေမည်။ ဥပမာ- သူငယ်ချင်းရဲ့လေထီးက ကောင်းကောင်း ပျံတယ်နော်။ လူရုပ်ပုံကို လေထီးမှာ သေသေချာချာလေး ကပ်ထားတယ်နော်။
- ■ အမှိုက်များကို စနစ်တကျ သိမ်းဆည်းစေမည်။



DBE Box - Copyright Protected

# ၄-၄ စက္ကူကို ခေါက်ချိုး၍ ကစားစရာ ပြုလုပ်ခြင်း

**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

စက္ကူကို ခေါက်ချိုး၍ ကစားစရာများပြုလုပ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကလေးတစ်ဦးလျှင် A4 စက္ကူတစ်ရွက်နှင့် ရောင်စုံစက္ကူတစ်ရွက်၊ ကတ်ကြေး၊ ဖယောင်းရောင်စုံ၊ ကြိုတင်ပြုလုပ်ထားသောလိပ်ပြာ၊ စက္ကူဘူး၊ ပြက္ခဒိန်အဟောင်း သို့မဟုတ် သတင်းစာစက္ကူ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ကြိုတင်ပြုလုပ်ထားသော လိပ်ပြာကိုပြကာ ဒါ ဘာကောင်ကလေးလဲ။ ဘယ်နေရာမှာတွေ့နိုင်သလဲဟု မေးမည်။
- ● လိပ်ပြာကလေးပါ၊ ပန်းခြံတွေမှာ တွေ့နိုင်တယ် . . . စသည်ဖြင့် ဖြေဆိုကြမည်။
- ■ ကလေးတို့ကိုယ်တိုင် လိပ်ပြာကလေးတွေ မလုပ်ချင်ဘူးလား။ ဒီနေ့စက္ကူကိုခေါက်ပြီး လိပ်ပြာကလေးတွေ လုပ်ကြည့်မယ်ဟု ပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို သတိပေးမည်။
- ■ အုပ်စုဖွဲ့၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ဝေပေးမည်။
- ■ ကလေးများမြင်သာစေရန် ပြက္ခဒိန် သို့မဟုတ် သတင်းစာစက္ကူကို အနားလေးဖက် ညီအောင် ပြုလုပ်မည်။
- ■ ရောင်စုံစက္ကူကို အဆင့် (၁)နှင့်(၂) အတိုင်း အနားလေးဖက်ညီအောင် ပြုလုပ်မည်။
- ■ လိပ်ပြာပြုလုပ်ပုံအဆင့်ဆင့်ကို ကလေးများမြင်သာသည့်နေရာမှ ပြုလုပ်ပြမည်။
- ■ ကလေးများအားလုံးလုပ်ဆောင်နိုင်ပါမှ နောက်တစ်ဆင့်ခေါက်နည်းကို သင်ပြပေးမည်။
- ● ဆရာလမ်းညွှန်သည့်အတိုင်း အဆင့်ဆင့်ပြုလုပ်မည်။
- ■ ရရှိလာသောလိပ်ပြာကလေးပေါ်တွင် မိမိ၏အမည်ကိုရေးစေမည်။



အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၄) စက္ကူကိုခေါက်ချိုး၍ ကစားစရာပြုလုပ်ခြင်း

ပြုလုပ်ပုံအဆင့်ဆင့်

၁။ A4 စက္ကူကို ပုံပါအတိုင်းခေါက်ပါ။

၂။ ပိုနေသောအပိုင်းကို ဖြတ်ပါ။

၃။ စက္ကူကို ခေါက်ချိုးရာရအောင်လုပ်ပါ။

၄။ ခေါက်ချိုးရာအတိုင်း အလယ်ကို ခေါက်ပါ။

၅။ အတွင်းဘက်သို့ ခေါက်ရာအတိုင်းထည့်ပါ။

၆။ ပုံပါအတိုင်းအစွန်းမှ အပေါ်သို့ ခေါက်ပါ။

၇။ ပုံကိုတစ်ဖက်မှောက်၍ ပုံပါအတိုင်း ခေါက်ပါ။

၈။ ထွက်နေသော ထောင့်အစွန်းကို ပုံပါအတိုင်းခေါက်ပါ။

၉။ ပုံပါအတိုင်းတစ်ဖက်သို့ လှန်ပြီး အလယ်ကိုဖိပါ။

၁၀။ ရရှိလာသောလိပ်ပြာကလေးပါ။



၂၈

**သတိပြုရမည့်အချက်များ**


❶ စက္ကူခေါက်ရာတွင် လက်ဖြင့် သေသေချာချာဖိခေါက်ရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ လိပ်ပြာနှင့် ဘူးကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | လိပ်ပြာနှင့် ဘူးကို သပ်ရပ်စွာ ပြုလုပ်နိုင်ခြင်း။ |
| B | လိပ်ပြာနှင့် ဘူးကို ပြုလုပ်နိုင်ခြင်း။ |
| C | လိပ်ပြာနှင့် ဘူးကို မပြုလုပ်နိုင်ခြင်း။ |

DBE Box - Copyright Protected





## သတိပြုရမည့်အချက်များ

၂ ပုံရေးခြယ်ရာတွင် စက္ကူဘူး၏ အနားများကို ခေါက်၍ ရေးခြယ်ရမည်။

၃ ပြုလုပ်ပြီးသောလိပ်ပြာနှင့် စက္ကူဘူးတို့အား အိမ်တွင် အလှဆင် အသုံးပြုနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသောပုံနှင့် အသုံးပြုပုံကို ရှင်းပြခြင်း။

| | |
|---|---|
| A | ရေးဆွဲထားသောပုံနှင့် အသုံးပြုပုံကို ကောင်းမွန်စွာ ရှင်းပြနိုင်ခြင်း။ |
| B | ရေးဆွဲထားသောပုံနှင့် အသုံးပြုပုံကို ရှင်းပြနိုင်ခြင်း။ |
| C | ရေးဆွဲထားသောပုံနှင့် အသုံးပြုပုံကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ကြိုတင်ပြုလုပ်ထားသောစက္ကူဘူးကလေးကို ပြသပြီး ဒီဘူးကလေးထဲမှာ ပစ္စည်းတွေထည့်လို့ရကြောင်းနဲ့ ကိုယ်တိုင်ပြုလုပ်ကြမည်ဖြစ်ကြောင်းပြောမည်။
- စက္ကူဘူးပြုလုပ်ပုံအဆင့်ဆင့်ကို ဆရာနှင့်အတူ ပြုလုပ်စေမည်။
- တစ်ဆင့်ခေါက်ပြီးတိုင်း ကလေးများပြုလုပ်နေသည်ကိုကြည့်၍ လိုအပ်ပါက ကူညီပံ့ပိုးပေးမည်။
- တစ်ဆင့်ခေါက်ပြီးတိုင်း ကလေးများအားလုံးလုပ်ဆောင်နိုင်မှသာ နောက်တစ်ဆင့်ခေါက်ပြမည်။
- စက္ကူဘူးပြုလုပ်ပြီးပါက စက္ကူဘူးပေါ်တွင် နှစ်သက်ရာရုပ်ပုံ၊ မိမိအမည်နှင့်မည်သို့အသုံးပြုမည်ကို စာအနည်းငယ်ဖြင့် ရေးစေမည်။

ဥပမာ-ခဲတံထည့်ရန်။

## နိဂုံး (၅ မိနစ်)

- အတူထိုင်နေသော ကလေးအချင်းချင်း မိမိတို့ပြုလုပ်ထားသော လိပ်ပြာနှင့် စက္ကူဘူးကလေးများကိုကြည့်ကာ မည်ကဲ့သို့ စဉ်းစား၍ ရေးဆွဲထားပြီး၊ မည်ကဲ့သို့အသုံးပြုမည်ဖြစ်ကြောင်းရှင်းပြမည်။
- ကလေးအချင်းချင်းပြောကြမည်။
- လိပ်ပြာကလေးများကို စားပွဲပေါ်တွင် နေရာချအလှဆင်ခြင်း၊ စက္ကူဘူးကလေးများထဲတွင် ပစ္စည်းများထည့်၍ ကစားစေခြင်းများ ပြုလုပ်မည်။

မှတ်ချက်
ကလေးအချင်းချင်းကူညီရှင်းပင်းတတ်စေရန် ဆရာက လမ်းညွှန်ပေးမည်။

DBE Box - Copyright Protected

# ၄-၅ ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပန်းချီကား ဖန်တီးခြင်း
## စာသင်ချိန် ၂ ချိန်

**သင်ယူမှုဦးတည်ချက်**

ပတ်ဝန်းကျင်ရှိ ပစ္စည်းများဖြင့် ပန်းချီကား ဖန်တီးတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကြိုတင်ပြုလုပ်ထားသော နမူနာရုပ်ပုံ၊ A4 စက္ကူ၊ တိပ်၊ ကော်၊ ကတ်ကြေးပတ်ဝန်းကျင်ရှိပစ္စည်းများ (ဥပမာ-ဝါဂွမ်း၊ ခဲတံချွန်စ၊ မြက်ပင်၊ သစ်ရွက်၊ အဝတ်စ ဖြတ်စည့်ပ်စ၊ သတင်းစာ၊ စက္ကူ ဂျာနယ်)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ကြိုတင်ပြုလုပ်ထားသောနမူနာပုံကိုပြ၍ ဘာတွေနဲ့ ပြုလုပ်ထားသလဲဟု မေးမည်။
- ပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းတွေကို သုံးပြီး ပန်းချီကားပြုလုပ်ကြမည်ဖြစ်ကြောင်း ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များအား ကလေးများကို မေးမည်။
- အုပ်စုများခွဲ၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို စက္ကူတွင် ကပ်၍ နမူနာပြုလုပ်ပြမည်။
- မိမိတို့ ရရှိထားသော ပတ်ဝန်းကျင်ရှိပစ္စည်းများကို အသုံးပြု၍ မည်ကဲ့သို့သောပုံများ ပြုလုပ်မည်ကို ကလေးများ စဉ်းစားစေပြီး ရှင်းပြစေမည်။
- ● စဉ်းစားထားသည့်အတိုင်း ရှင်းပြမည်။
- စဉ်းစားထားသည့်အတိုင်း ပန်းချီကားကို ပြုလုပ်စေမည်။
- လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသောကလေး များကို ကူညီပံ့ပိုးပေးမည်။

**နိဂုံး (၅ မိနစ်)**

- ပန်းချီကားပြုလုပ်ပြီးပါက မိမိ၏အမည်ကို ပန်းချီကား၏ ညာဘက် အောက်ထောင့်တွင် ရေးစေမည်။ ပန်းချီကား ရေးဆွဲရသည့်အကြောင်းအရင်းကို စာအနည်းငယ်ဖြင့် ရေးစေမည်။
- အမှိုက်များကို သိမ်းဆည်းစေမည်။
- ကတ်ကြေး၊ ကော်နှင့် အသုံးပြုပစ္စည်းများကို ဆရာ့ထံ ပြန်လည်အပ်နှံစေမည်။




- ဒုတိယစာသင်ချိန်တွင် အုပ်စုအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများကို ကြိုတင်စုဆောင်း၍ အိမ်မှသယ်ဆောင်လာရမည်ဖြစ်ကြောင်းပြောပါ။ မိမိလက်ဖဝါးထက် မကြီးသောပစ္စည်းကိုသာ သယ်ဆောင်လာရမည်ဖြစ်ကြောင်း ဆရာက ညွှန်ကြားပေးရမည်။
- ● ဆရာ၏ ညွှန်ကြားချက်အတိုင်း လိုက်လံလုပ်ဆောင်ကြမည်။

**သတိပြုရမည့်အချက်များ**

၁ ပထမစာသင်ချိန်တွင် အုပ်စုများအတွက် ပတ်ဝန်းကျင်ရှိပစ္စည်းများကို ဆရာက စုဆောင်းရမည်။ ထို့နောက်ပစ္စည်းများကို အချင်းချင်းခွဲဝေအသုံးပြုစေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ပန်းချီကား ဖန်တီးခြင်း။

| | |
|---|---|
| A | ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ပန်းချီကားကို လှပစွာ ဖန်တီးနိုင်ခြင်း။ |
| B | ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ပန်းချီကားကို ဖန်တီးနိုင်ခြင်း။ |
| C | ပတ်ဝန်းကျင်ရှိပစ္စည်းများဖြင့် ပန်းချီကားကို မဖန်တီးနိုင်ခြင်း။ |

DBE Box - Copyright Protected

ကလေးလက်ရာများ။ ၂










သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

 A4 စက္ကူ

 တိပ်

 ကော်

 ကတ်ကြေး

၃၁

## သတိပြုရမည့်အချက်များ

၂ ဒုတိယစာသင်ချိန်အတွက် လိုအပ်သောပတ်ဝန်းကျင်ရှိပစ္စည်းများကို ကလေးများကိုယ်တိုင် စုဆောင်းယူဆောင်လာရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပူးပေါင်းဆောင်ရွက်၍ ပုံဖော်ခြင်း။

| | |
|---|---|
| A | အဖွဲ့ဝင်အားလုံးတက်ကြွပျော်ရွှင်စွာ ပူးပေါင်းဆောင်ရွက်၍ ပုံဖော်နိုင်ခြင်း။ |
| B | အဖွဲ့ဝင်အားလုံးပူးပေါင်းဆောင်ရွက်၍ ပုံဖော်နိုင်ခြင်း။ |
| C | အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နိုင်မှု မရှိခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ကလေးများ ယူဆောင်လာသည့် ပတ်ဝန်းကျင်ရှိပစ္စည်းများကို အသုံးပြု၍ အုပ်စုအလိုက် ပန်းချီကား တစ်ချပ်ပြုလုပ်မည်ဖြစ်ကြောင်း ပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ကပ်ထားသည့် A4 စက္ကူ ၂ ရွက်၊ ကော်နှင့် ကတ်ကြေးတို့ကို အုပ်စုအလိုက်ခွဲဝေပေးမည်။
- အုပ်စုအလိုက်ပြုလုပ်မည့် ပန်းချီကား၏ ခေါင်းစဉ်ကို စဉ်းစားစေမည်။
- စဉ်းစားထားသည့် ခေါင်းစဉ်နှင့် လိုက်ဖက်သည့် ပန်းချီကား ပြုလုပ်နိုင်ရန် ပစ္စည်းများကို နေရာချကြည့်စေမည်။
- စဉ်းစားထားသည့် ခေါင်းစဉ်နှင့် လိုက်ဖက်သည့် ပန်းချီကားကို ပြုလုပ်စေပြီး ပန်းချီကားအမည်ကို ရေးစေမည်။
- ကျောင်းသားများပြုလုပ်နေစဉ် လှည့်လည်ကြည့်ရှု၍ လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။

**နိဂုံး (၅ မိနစ်)**

- အုပ်စုအလိုက် စဉ်းစားထားသောခေါင်းစဉ်နှင့် ပြုလုပ်ထားသော ပန်းချီကားအကြောင်းကို ရှင်းပြမည်။
- ပန်းချီကားတစ်ချပ်ဖန်တီးရာတွင် မည်သည့်အရာကို မဆို အသုံးပြုနိုင်ကြောင်းရှင်းပြမည်။
- အမှိုက်များကို သိမ်းဆည်းစေမည်။
- ကတ်ကြေး၊ ကော်နှင့် အသုံးပြုပစ္စည်းများကို ဆရာ့ထံ ပြန်လည်အပ်နှံစေမည်။

DBE Box - Copyright Protected

# ၄-၆ ရွှံ့ရုပ်ပြုလုပ်ခြင်း
**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**

ရွှံ့ဖြင့် ကစားစရာအရုပ်ပြုလုပ်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ရွှံ့ (ကလေးတစ်ဦးလျှင် ၅၀ ကျပ်သားခန့်)၊ ကတ်ထူစက္ကူ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ရွှံ့ဖြင့် မည်သည့်အရာများပြုလုပ်ဖူးသလဲဟု မေးမည်။
- ● ပြုလုပ်ဖူးသောအရာများကို ဖြေကြားမည်။
- ■ ယနေ့သင်ခန်းစာသည် ရွှံ့ဖြင့် ယခင်က ပြုလုပ်ဖူးသော အရုပ်များထက်ကြီးသော အရုပ်ကို ပြုလုပ်မည်ဖြစ်ကြောင်း ပြော၍ သင်ခန်းစာကို နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုဖွဲ့၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ အားလုံးမြင်နိုင်သောနေရာမှ အရုပ်ကြီးတစ်ခုကို ပြုလုပ်ပြမည်။
- ■ ကလေးများ မည်သည့်အရာပြုလုပ်ချင်သည်ကို စဉ်းစားစေပြီး စဉ်းစားထားသောအရုပ်ကို ပြုလုပ်ရာတွင် အဓိကအစိတ်အပိုင်းများကို ဦးစွာ ပြုလုပ်ရမည်။
- ● ဆရာ၏ ညွှန်ကြားမှုအတိုင်း လုပ်ဆောင်ကြမည်။
- ■ အတန်းတွင်းလှည့်လည်၍ လိုအပ်ပါက ကလေးများကို ကူညီပံ့ပိုးပေးမည်။


အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၆) ရွှံ့ရုပ်ပြုလုပ်ခြင်း



၄၂

**သတိပြုရမည့်အချက်များ**

၁ ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်ပေါ်တွင် ဒီဇိုင်းများကို ထပ်မံပြုလုပ်ထည့်သွင်းနိုင်သည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ရွှံ့ဖြင့် ကစားစရာအရုပ်ပြုလုပ်ခြင်း။

| | |
|---|---|
| A | ပုံသဏ္ဌာန်ပေါ်လွင်အောင် ကစားစရာကို ပြုလုပ်နိုင်ခြင်း။ |
| B | ကစားစရာကို ပြုလုပ်နိုင်ခြင်း။ |
| C | ကစားစရာကို မပြုလုပ်နိုင်ခြင်း။ |

DBE Box - Copyright Protected

ကလေးလက်ရာများ။












၂






သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



နွံ့



ကတ်ထူစက္ကူ

၃၃

## သတိပြုရမည့်အချက်များ

၂ ပြုလုပ်ထားသောလက်ရာများကို နေရာလပ်ရှိပါက စီတန်း၍ ပြသခြင်းများ ပြုလုပ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မိမိပြုလုပ်ထားသော ကစားစရာကို မည်သည့်ပုံသဏ္ဌာန်ရှိသောအရုပ်ဖြစ်ကြောင်း ရှင်းပြခြင်း။

| | |
|---|---|
| A | အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ရှင်းပြနိုင်ခြင်း။ |
| C | မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဂုံး (၅ မိနစ်)**

■ ကလေးများ နှစ်ယောက်တစ်တွဲအချင်းချင်း မည်သည့်အရုပ်ကို ပြုလုပ်ခဲ့ကြောင်း၊ မည်ကဲ့သို့သော ပုံသဏ္ဌာန်ရှိကြောင်းကို ရှင်းပြစေမည်။ ကောင်းသောအချက်များကို ချီးကျူးစေမည်။

ဥပမာ- ကျွန်တော်ကအဝိုင်းနှစ်ခုကိုထပ်ပြီး ကာတွန်းကားမှာကြည့်ဖူးတဲ့ နှင်းလူရုပ်ကလေးကို လုပ်ထားတယ်။

● ကလေးများအချင်းချင်း လက်ရာများကို ပြသမည်။

■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ပြောစေမည်။

■ ကလေးများကို လက်ရာများ ပြန်သယ်စေပြီး ကတ်ထူပြားနှင့် ပိုနေသောနွံ့များကို ဆရာ့ထံအပ်နှံစေမည်။

မှတ်ချက်

သင်ခန်းစာပြီးဆုံးပါက လက်ကိုစင်ကြယ်စွာ ဆေးကြောစေမည်။

နွံ့ပြင်ဆင်ရန်အခက်အခဲရှိပါက ကစားစရာရွှံ့ကို သုံးနိုင်သည်။

DBE Box - Copyright Protected

# ၄-၇ စက္ကူငှက်ရုပ်ပြုလုပ်ခြင်း
## စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

အတောင်ပံခတ်နိုင်သောစက္ကူငှက်ရုပ်ပြုလုပ်ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက် (ကလေးတစ်ဦးလျှင် ၂ ရွက်နှုန်း)၊ ဖယောင်းရောင်စုံ၊ ကော်၊ ကတ်ကြေး။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ကောင်းကင်မှာ ပျံနိုင်သောအရာတွေကို ပြောစေမည်။
- ● လေယာဉ်ပျံ၊ ငှက်စသည်ဖြင့် ဖြေဆိုမည်။
- ■ ကလေးများရှေ့တွင်အသင့်ပြုလုပ်ထားသော ငှက်ရုပ်ကို အတောင်ပံခတ်ကာ ပြသမည်။ ဘာကြောင့်ကလေးပျံသွားတယ်လို့ ထင်သလဲဟု မေးမည်။ ထို့နောက်ငှက်ရုပ်ကို အတူတူပြုလုပ်ကြမယ်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကတ်ကြေးအသုံးပြုရာတွင် သတိပြုရမည့်အချက်များကို ကလေးများအား ပထမဦးစွာ မေးမည်။
- ■ အုပ်စုများခွဲ၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပြုလုပ်ပုံအဆင့်ဆင့်ကို တစ်ဆင့်ချင်းစီ ဆရာနှင့်အတူတကွ ပြုလုပ်စေမည်။ အဆင့်တစ်ဆင့်ပြီးတိုင်း ကလေးများအားလုံးလုပ်ဆောင်နိုင်မှသာ နောက်တစ်ဆင့်ကို သင်ကြားပေးရမည်။
- ● A4 စက္ကူတစ်ဝက်တွင် ဆရာလမ်းညွှန်သည့်အတိုင်းတစ်ဆင့်ချင်း လုပ်ဆောင်ကြမည်။
- ■ ကလေးများ လုပ်ဆောင်နေသည်ကို ဆရာက လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသောကလေးများအား ကူညီပံ့ပိုးပေးမည်။
- ■ ပုံ(၃)ပါအတိုင်းငှက်ပုံရေးဆွဲရာတွင် အဆင့် (၁) ငှက်၏ဦးခေါင်းပိုင်း၊ အဆင့် (၂) (၃) ကိုယ်အပိုင်းနှင့် အဆင့်(၄) ငှက်၏ အမြီးပိုင်းကို ရေးဆွဲရမည်ဖြစ်ကြောင်း အသေးစိတ်ရှင်းပြပြီး ညှပ်စေမည်။
- ■ ငှက်၏ ဦးခေါင်းပိုင်းနှင့် အမြီးပိုင်းကို ကော်ဖြင့် ကပ်ပါ။



အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၇) စက္ကူငှက်ရုပ်ပြုလုပ်ခြင်း

၁

၂ ပြုလုပ်ပုံအဆင့်ဆင့်

၁။ A4 စက္ကူကို ခေါက်ပြီး ပေတံတစ်ပြားစာ အကျယ်မျဉ်းဆွဲပါ။

၂။ ပုံပါအတိုင်း ခေါက်ရာပေး၍ ဒေါင်လိုက်မျဉ်းများဆွဲပါ။

၃။ ပုံပါအတိုင်း ငှက်ပုံရေးဆွဲ၍ ညှပ်ပါ။

၄။ ရရှိလာသော ငှက်ပုံနှစ်ပုံ၏ ခေါင်းနဲ့အမြီးပိုင်းကို ကော်ဖြင့်ကပ်ပါ။

၅။ ကော်မကပ်ထားသော ကိုယ်ပိုင်းကို လက်ဖြင့်ဟပါ။

၆။ ကျန်ရှိသောစက္ကူခေါက်ပေါ်တွင် တောင်ပံပုံဆွဲပြီး ညှပ်ပါ။

၇။ တောင်ပံနှစ်ဖက်ဖြန့်ပြီးအလယ်မှ ညှပ်ပါ။

၈။ ငှက်ပုံတွင် တောင်ပံများကို ကပ်ပါ။

၄၇

**သတိပြုရမည့်အချက်များ**

1. ၁ ကိုယ်ထည်အဖွင့်အပိတ်လုပ်နိုင်ရန် ကိုယ်ထည်တစ်ခုလုံးကို ကော်ဖြင့် မကပ်မိစေရန် သတိပေးရမည်။
2. ၂ ငှက်၏ ဦးခေါင်းပြုလုပ်ရာတွင် ကော်ကပ်ထားသည့်ဘက်မှ ကတ်ကြေးဖြင့် ညှပ်ရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ငှက်ရုပ်ပြုလုပ်ခြင်း။

| | |
|---|---|
| A | ငှက်ရုပ်ကို စနစ်တကျပြုလုပ်နိုင်ခြင်း။ |
| B | ငှက်ရုပ်ကို ပြုလုပ်နိုင်ခြင်း။ |
| C | ငှက်ရုပ်ကို မပြုလုပ်နိုင်ခြင်း။ |

DBE Box - Copyright Protected

ကလေးလက်ရာများ။








သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


A4 စက္ကူ


ဖယောင်းရောင်စုံ


ကော်


ကတ်ကြေး

၃၅

## သတိပြုရမည့်အချက်များ

၃ ဆေးရောင်ခြယ်ရာတွင် ငှက်၏ ထူးခြားချက်ကို စဉ်းစား၍ သပ်ရပ်စွာ ဆေးခြယ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အချင်းချင်း ပြောဆိုရှင်းပြခြင်း။

| | |
|---|---|
| A | မည်သည့်ငှက်ရုပ်ပြုလုပ်ထားသည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ငှက်ရုပ်အကြောင်း ရှင်းပြနိုင်ခြင်း။ |
| C | ရှင်းပြရန်ခက်ခဲနေခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

■ ကော်မကပ်ထားသောငှက်ရုပ်၏ ကိုယ်ထည်ပိုင်းနေရာကို လက်ညှိုးဖြင့် ချဲ့မည်။

● ငှက်ရုပ်ကိုယ်ထည်ကို ပြုလုပ်ကြမည်။

■ ပြုလုပ်ပုံအဆင့် ၆ ပါအတိုင်း တောင်ပံကို ညှပ်ယူစေမည်။

■ ရရှိလာသောတောင်ပံကို အလယ်မှညှပ်စေမည်။

■ လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများကို ကူညီပံ့ပိုးပေးမည်။

■ ငှက်အတောင်ပံရရှိပါက ဦးခေါင်းအနီး ဒုတိယနေရာတွင် အတောင်ပံ ကပ်စေမည်။

■ မည်ကဲ့သို့သောငှက် ပြုလုပ်ချင်သည်ကို စဉ်းစားပြီး အရောင်နှင့် ဒီဇိုင်းကို ဆေးခြယ်စေမည်။

### နိဂုံး (၅ မိနစ်)

■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း မည်သည့်ငှက်ကလေး ပြုလုပ်ထားကြောင်းနှင့် မည်ကဲ့သို့ ဆေးခြယ်ထားကြောင်းကို ရှင်းပြစေမည်။ ကောင်းသောအချက်များကို ချီးကျူးစေမည်။

● ကလေးအချင်းချင်း လွတ်လပ်စွာ ရှင်းပြကြမည်။
ဥပမာ-ကျွန်တော့်ငှက်က ကျီးကန်းမို့ အမည်းရောင်ကလေး ခြယ်ထားတယ်။

■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။

မှတ်ချက်
ငှက်ရုပ်ပြုလုပ်ရာတွင် ပေတံတစ်ပြားစာထက် ပိုကြီးသော အရွယ်အစားကိုလည်း ပြုလုပ်နိုင်သည်။

DBE Box - Copyright Protected

# ၄-၈ ရုပ်ပုံကိုလျှို့ဝှက်ပြီး ကစားစရာဖန်တီးခြင်း

**စာသင်ချိန် ၁ ချိန်**

## သင်ယူမှုဦးတည်ချက်

စက္ကူကိုခေါက်ချိုး၍ ရုပ်ပုံရေးဆွဲကာ ကစားစရာပြုလုပ်ရှင်းပြတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူတစ်ဝက် (ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ဖယောင်းရောင်စုံ၊ အသင့်ပြုလုပ်ထားသောနမူနာရုပ်ပုံတစ်ခု။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ အသင့်ပြုလုပ်ထားသော ရုပ်ပုံကို အဖွင့်အပိတ်ကစားပြကာ စာရွက်ခေါက်အတွင်းမှ လျှို့ဝှက်ထားသောရုပ်ပုံကို ပြသမည်။ (စာရွက်ကလေးကို ဖြန့်လိုက်တဲ့အခါအထဲမှာ ရုပ်ပုံကလေးတွေ တွေ့ရမယ်နော်။)
- ■ A4 စက္ကူကို သုံးပြီး ကိုယ်တိုင်ပြုလုပ်ကြည့်ကြရအောင်ဟု ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုဖွဲ့၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ဝေပေးမည်။
- ■ A4 စက္ကူတစ်ဝက်ကိုသုံး၍ ကျောင်းသုံးစာအုပ်ပါ အဆင့်(၁)နှင့်(၂)အတိုင်း စက္ကူကို တစ်ဆင့်ချင်းစီခေါက်ပြပါမည်။
- ● ဆရာနှင့်အတူ တစ်ဆင့်ချင်းခေါက်မည်။ ပြုလုပ်ရန်အခက်အခဲရှိသော သူငယ်ချင်းကို ကူညီပေးမည်။
- ■ စက္ကူခေါက်လျက် အနေအထားအတိုင်းရုပ်ပုံတစ်ခု ရေးဆွဲပြသကာ ကလေးများကို ကြည့်ရှုစေမည်။ (ကျောင်းသုံးစာအုပ်ပါ နမူနာပုံကို ရေးဆွဲနိုင်သည်။)
- ● ဆရာပုံဆွဲပြသည်ကို လိုက်လံမရေးဆွဲဘဲ သေချာစွာ ကြည့်ရှုကြမည်။
- ■ ခေါက်ထားသောစက္ကူကို ဖြန့်လိုက်ပြီး လွတ်နေသောအတွင်းနေရာတွင် ရုပ်ပုံကို ဖြည့်စွက်ဆွဲပြမည်။
- ■ ကလေးများ မိမိမည်သည့်ပုံဆွဲမည်ကို စဉ်းစားစေမည်။ စဉ်းစားပြီးပါက အဆင့်(၃)ပါအတိုင်း ခေါက်ထားသောစက္ကူပေါ်တွင် ရေးဆွဲစေမည်။ ရေးဆွဲပြီးပါက စက္ကူကိုဖြန့်ပြီး၊ စက္ကူ၏လွတ်နေသော အတွင်းနေရာတွင် အဆင့်(၅)ပါအတိုင်း ထပ်မံဖြည့်စွက်ရေးဆွဲစေမည်။
- ● စဉ်းစား၍ ရေးဆွဲကြမည်။
- ■ လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသောကလေးများကို ကူညီပံ့ပိုးပေးမည်။
- ■ ရုပ်ပုံများရေးဆွဲပြီးပါက ဆေးရောင်ခြယ်စေမည်။ စက္ကူ၏ ညာဘက်အောက်ထောင့်တွင် မိမိ၏အမည်နှင့် ရေးဆွဲထားသော ပုံ၏ အကြောင်းအရာကို စာအနည်းငယ်ဖြင့်ရေးစေမည်။


**အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း**

**သင်ခန်းစာ(၈) ရုပ်ပုံကိုလျှို့ဝှက်ပြီး ကစားစရာဖန်တီးခြင်း**

ပြုလုပ်ပုံအဆင့်ဆင့်

၁။ စက္ကူကို တစ်ဝက်ခေါက်ပါ။

၂။ ခေါက်ထားသော စက္ကူ၏ အပေါ်လွှာကို ပုံပါအတိုင်း တစ်ဝက်ပြန်လှန်ခေါက်ပါ။

၃။ ခေါက်ထားသည့် အနေအထားအတိုင်း နှစ်သက်ရာ ပုံဆွဲပါ။

၄။ စက္ကူကို ပြန်ဖြန့်ပါ။

၅။ ပုံ၏အလယ်လွတ်နေသော နေရာတွင် မိမိစိတ်ကူးဖြင့် ပုံဖြည့်ဆွဲပါ။



၃၆

## သတိပြုရမည့်အချက်များ

၁ စဉ်းစားရန် အချိန်အနည်းငယ်ပေးပြီး စဉ်းစား၍မရသော ကလေးများကို ကူညီပေးမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ လျှို့ဝှက်ရုပ်ပုံ ပြုလုပ်ခြင်း။

| | |
|---|---|
| A | လျှို့ဝှက်ရုပ်ပုံ စနစ်တကျ မှန်ကန်အောင် ပြုလုပ်နိုင်ခြင်း။ |
| B | လျှို့ဝှက်ရုပ်ပုံ ပြုလုပ်နိုင်ခြင်း။ |
| C | လျှို့ဝှက်ရုပ်ပုံ မပြုလုပ်နိုင်ခြင်း။ |

DBE Box -Copyright Protected




## သတိပြုရမည့်အချက်များ

၂ ဆေးရောင်ခြယ်ရာတွင် ရုပ်ပုံအပြည့်ခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ လျှို့ဝှက်ရုပ်ပုံကို စဉ်းစားရေးဆွဲထားပုံအကြောင်း ရှင်းပြခြင်း။

| | |
|---|---|
| A | စဉ်းစား၍ ပြုလုပ်ထားသောလျှို့ဝှက်ရုပ်ပုံနှင့် ပတ်သက်၍ ဆက်စပ်မှုကို ရှင်းပြနိုင်ခြင်း။ |
| B | စဉ်းစား၍ ပြုလုပ်ထားသောလျှို့ဝှက်ရုပ်ပုံနှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| C | စဉ်းစား၍ ပြုလုပ်ထားသောလျှို့ဝှက်ရုပ်ပုံနှင့် ပတ်သက်၍ ဆက်စပ်မှုကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဂုံး (၅ မိနစ်)**

■ နှစ်ယောက်တစ်တွဲ ကလေးများအချင်းချင်း ရုပ်ပုံများဖြင့် အဖွင့်အပိတ်ကစားပြကာ မည်သို့ပြုလုပ်ထားကြောင်းနှင့် မည်ကဲ့သို့ ဆေးရောင်ခြယ်ထားကြောင်း ရှင်းပြစေမည်။

● ကလေးအချင်းချင်းလွတ်လပ်စွာ ရှင်းပြကြမည်။

ဥပမာ-လူ ၃ ယောက်ဖြစ်သွားတယ်။

■ ကလေးအချို့ကို အတန်းရှေ့ထွက်၍ ရှင်းပြစေမည်။

မှတ်ချက်

စက္ကူကို ဒေါင်လိုက်ဖြစ်စေ၊ အလျားလိုက်ဖြစ်စေ ရေးဆွဲနိုင်ကြောင်းရှင်းပြမည်။

DBE Box - Copyright Protected

# ၄-၉ သစ်ကိုင်းကို အလှဆင်ခြင်း
**စာသင်ချိန် ၂ ချိန်**

**သင်ယူမှုဦးတည်ချက်**

သစ်ကိုင်းကို ရောင်စုံစက္ကူဖြင့် ပူးပေါင်းအလှဆင်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

သစ်ကိုင်း၊ ကော်၊ ရောင်စုံစက္ကူ၊ သတင်းစာစက္ကူ၊ ကတ်ကြေး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

### နိဒါန်း (၅ မိနစ်)

- ■ သစ်ပင်ကို မြင်ဖူးကြသလား၊ သစ်ပင်မှာ ဘယ်လိုအစိတ်အပိုင်းတွေရှိသလဲဟု မေးမည်။
- ● သစ်ကိုင်း၊ အသီး၊ အပွင့်၊ အရွက်၊ ပင်စည်၊ အမြစ် စသည်ဖြင့် ဖြေဆိုမည်။
- ■ သစ်ပင်တွေသေရင် သစ်ကိုင်းတွေ အရွက်တွေ ခြောက်ပြီး ကြွေကျကုန်တယ်။ ဒီနေ့သစ်ကိုင်းခြောက်ကို ပန်းပွင့်တွေ အရွက်တွေနဲ့ အလှဆင်ကြည့်ကြရအောင်ဟု သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ ကတ်ကြေးအသုံးပြုပုံ၊ အသုံးပြုနည်းနှင့် သတိပြုရမည့်အချက်များကို ကလေးများကို မေးမည်။
- ■ အုပ်စုဖွဲ့၍ အုပ်စုအလိုက် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ဝေပေးမည်။
- ■ ကျောင်းသုံးစာအုပ်ပါအပွင့်နှင့် အရိုးပြုလုပ်ပုံအဆင့်ဆင့်ကို တစ်ဆင့်ချင်းစီ ဆရာနှင့်အတူတကွ ပြုလုပ်စေမည်။ အဆင့်တစ်ဆင့်ပြီးတိုင်း ကလေးများအားလုံးလုပ်ဆောင်နိုင်မှသာ နောက်တစ်ဆင့်ကို သင်ကြားပေးရမည်။
- ■ အဆင့် (၃)အထိခေါက်ပြီးပါက အဆင့်(၄)တွင် ခေါက်ထားသောစက္ကူကို ဖြန့်ပါစေ။ အပိတ်ဖြစ်နေသော ခေါက်ရာမှစ၍ ပုံပါအတိုင်း ပွင့်ဖတ်ကို ရေးဆွဲပြီး ညှပ်စေမည်။
- ■ ဝတ်ဆံပြုလုပ်ရန် ပွင့်ဖတ်နှင့်အရောင်မတူသော ရောင်စုံစက္ကူစတစ်ခုကို အဆင့်(၅)ပါအတိုင်း ညှပ်ပြီး ပွင့်ဖတ်အလယ်တွင် ကပ်စေမည်။
- ■ ရိုးတံကို အဆင့်(၇)နှင့် (၈)ပါအတိုင်း ပြုလုပ်ပြီး ကော်ဖြင့်ကပ်စေမည်။ ရိုးတံခိုင်မာအောင် ထပ်ခေါက်ပြီး ပွင့်ဖတ်တွင် တပ်ဆင်ပါ။ အဆင့်(၁၀)ပါအတိုင်း သစ်ရွက်ပုံဆွဲပြီး ညှပ်ကာ ရိုးတံတွင် ကော်ဖြင့်ကပ်စေမည်။

**အခန်း(၄) လက်မှုပစ္စည်းများကို စိတ်ကူးဖြင့် တီထွင်ဖန်တီးခြင်း**

**သင်ခန်းစာ(၉) သစ်ကိုင်းကို အလှဆင်ခြင်း**






၃၈

- ● ဆရာကလှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများကို ကူညီပံ့ပိုးပေးမည်။

### နိဂုံး (၅ မိနစ်)

- ■ အားလုံးပြီးဆုံးပါက မိမိတို့အုပ်စုအမည်များရေးကာ အုပ်စုအလိုက်ပြုလုပ်ထားသော ပစ္စည်းများကို တစုတစည်းတည်း ဆရာ့ထံအပ်နှံစေမည်။

**သတိပြုရမည့်အချက်များ**

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ သစ်ကိုင်းကို အလှဆင်ခြင်း။

| | |
|---|---|
| A | သစ်ကိုင်းကို အပွင့်၊ အရွက်တို့ဖြင့် ဝေဆာသပ်ရပ်စွာ အလှဆင်နိုင်ခြင်း။ |
| B | သစ်ကိုင်းကို အပွင့်၊ အရွက်တို့ဖြင့် အလှဆင်နိုင်ခြင်း။ |
| C | သစ်ကိုင်းကို အပွင့်၊ အရွက်တို့ဖြင့် အလှမဆင်နိုင်ခြင်း။ |

DBE Box - Copyright Protected




## သတိပြုရမည့်အချက်များ

၁ သစ်ကိုင်းဖြင့် မျက်စိမထိုးမိစေရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပူးပေါင်းဆောင်ရွက်ခဲ့ပုံကို ရှင်းပြခြင်း။

| | |
|---|---|
| A | မည်ကဲ့သို့ပူးပေါင်း၍ အလှဆင်ခဲ့သည်ကို အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| B | မည်ကဲ့သို့ပူးပေါင်း၍ အလှဆင်ခဲ့သည်ကို ရှင်းပြနိုင်ခြင်း။ |
| C | ပူးပေါင်းဆောင်ရွက်နိုင်မှု မရှိခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ ယခင်စာသင်ချိန်တွင် ပြုလုပ်ထားသော ပစ္စည်းများနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အုပ်စု ခေါင်းဆောင်အား လာယူစေမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ပြင်ဆင်ထားသော သစ်ကိုင်းခြောက်ကို သင့်တော်သော နေရာတွင် ထောင်လျက် အသင့်ပြင်ဆင်စေမည်။ ထို့နောက် မိမိတို့ပြုလုပ်ထားသော ပန်းပွင့်များကို မည်သည့်နေရာတွင် တပ်ဆင်ပါက သင့်တော်မည်ကို စဉ်းစားစေမည်။

■ ပန်းပွင့်ကို သစ်ကိုင်းတွင် တပ်ဆင်ရန် ပုံနမူနာအတိုင်း ကော်သုတ်ထားသော စက္ကူကြိုးမျှင်တို့ဖြင့် ရစ်ပတ်၍ ကပ် ရမည်ဖြစ်ကြောင်း ညွှန်ကြားမည်။

● နမူနာကို သေချာစွာကြည့်ရှု၍ အုပ်စုအလိုက်စဉ်းစားထား သည့်အတိုင်း ပျော်ရွှင်စွာ ဆောင်ရွက်ကြမည်။

■ လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများကို ကူညီပံ့ပိုးပေးမည်။

**နိဂုံး (၅ မိနစ်)**

■ အားလုံးပြုလုပ်ပြီးစီးပါက အုပ်စုတစ်စုစီ မည်ကဲ့သို့ပူးပေါင်း၍ အလှဆင်ခဲ့သည်ကို ရှင်းလင်းတင်ပြစေမည်။

● အုပ်စုတစ်စုစီ၏ ရှင်းလင်းချက်များကို စိတ်ပါဝင်စားစွာ နားထောင်၍ ချီးကျူးအားပေးကြမည်။

■ အများနှင့် စုပေါင်းလုပ်ဆောင်ရာတွင် မတူညီသောအချက် များရှိသော်လည်း အချင်းချင်းတိုင်ပင်ဆွေးနွေးပြီး သစ်ပင် တစ်ပင်ကို စုပေါင်း၍ ဖန်တီးနိုင်ခဲ့သည့်အတွက် ဆရာ့ အနေဖြင့် ဂုဏ်ယူကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ် မည်။

မှတ်ချက်

ရောင်စုံစက္ကူမရရှိပါက ဗလာစာရွက်နှင့် သတင်းစာစက္ကူ များကို အသုံးပြုနိုင်သည်။

DBE Box - Copyright Protected

# ၅-၁ မြန်မာ့ပန်းတော့ပညာကို လေ့လာခြင်း

**စာသင်ချိန် ၁ ချိန်**

### သင်ယူမှုဦးတည်ချက်

မြန်မာ့ရိုးရာ ပန်းတော့အနုပညာ၏ တန်ဖိုးကို သိရှိနားလည်ပြီး ပြန်လည် ရှင်းပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်မှ သင်ခန်းစာကို အကြီးချဲ့ထားသော ပိုစတာ။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ကျောင်းသုံးစာအုပ်မှ ရုပ်ပုံများကို ပြ၍ အောက်ပါမေးခွန်းများကို မေးမည်။
  - ဒီလိုပုံတွေကို မြင်ဖူးသလား။
  - ဘယ်နေရာတွေမှာ မြင်ဖူးသလဲ။
- ● ဘုရား၊ ဘုန်းကြီးကျောင်းတွေမှာ မြင်ဖူးပါတယ်။
- ■ ဒါတွေကို ဘာတွေနဲ့ လုပ်ထားတယ်ထင်သလဲ။
- ● ဘိလပ်မြေ၊ အုတ်၊ သစ်သား စသည်ဖြင့် ခန့်မှန်းဖြေဆိုကြမည်။
- ■ အင်္ဂတေဖြင့် ပြုလုပ်ထားပြီး ပန်းတော့အနုပညာဟု ခေါ်ကြောင်း ရှင်းပြကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ပန်းတော့အနုပညာအကြောင်းကို အောက်ပါအတိုင်း ရှင်းပြပါမည်။
  ဂူ၊ ဘုရားများ၏ အဝင်ပေါက်အပေါ်ရှိ မုခ်၊ တံကဲတို့ကို အင်္ဂတေဖြင့် ပန်းခက်၊ ရုပ်လုံးရုပ်ကြွများ၊ သက်ရှိသက်မဲ့အရုပ်များ ပြုလုပ်ထားခြင်းကို ပန်းတော့ဟုခေါ်သည်။
- ■ ပန်းတော့ ပြုလုပ်ပုံအဆင့်ဆင့်နှင့် အသုံးပြုသည့်ကိရိယာများအကြောင်းကို ဆရာနှင့်အတူ လေ့လာမည်။
- ■ ပြုလုပ်ပုံအဆင့်ဆင့်ကို လေ့လာရာတွင် အဆင့် (၄)နှင့်(၅) ကို မလေ့လာမီ အောက်ပါမေးခွန်းများကို စဉ်းစား၍ဖြေဆိုစေမည်။
  - အင်္ဂတေပြားအပေါ် ပန်းချီဒီဇိုင်းရေးဆွဲထားတဲ့ စာရွက်တင်ပြီး ချွန်တဲ့အရာနဲ့ထပ်ရေးတဲ့အခါ ဘယ်လိုဖြစ်သွားမလဲ။
  - လှပတဲ့ ပန်းပုံစံကလေးရရှိဖို့ ဘယ်လိုလုပ်ရမလဲ။
- ● ကျောင်းသုံးစာအုပ်ကို လေ့လာ၍ စဉ်းစားကာ ဖြေဆိုကြမည်။
- ■ အင်္ဂတေမခြောက်မီ ရုပ်ပုံ၏ လိုအပ်သည့်နေရာများတွင် အင်္ဂတေထပ်ဖြည့်ခြင်း၊ မလိုအပ်သည်များကို ဖဲ့ထုတ်ခြင်းများ ပြုလုပ်ရမည်။
- ■ ယခုလေ့လာခဲ့သော ပန်းခက်များအပြင် ထုထည်ရှိသော ပုံသဏ္ဌာန်များကိုလည်း ပြုလုပ်နိုင်ကြောင်း ရှင်းပြပါမည်။




## သတိပြုရမည့်အချက်များ

❶ အသုံးပြုသောကိရိယာမှာ သန်လျက်အမျိုးအစားဖြစ်ပြီးအရွယ်အစားအမျိုးမျိုးရှိကြောင်းနှင့် ပြုလုပ်မည့် အရာပေါ်မူတည်၍ ရွေးချယ်အသုံးပြုနိုင်ကြောင်း ရှင်းပြမည်။

❷ အင်္ဂတေဖျော်စပ်ရာတွင် ထုံး၊ သဲနှင့် ဘိလပ်မြေကို ရေဖြင့် ရောစပ်အသုံးပြုရသည်။ ယခုအခါ အင်္ဂတေအပြင် ဆီလီကွန်၊ ပလတ်စတာတို့ကိုလည်း အသုံးပြုလာပြီဖြစ်သည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပန်းတော့အနုပညာလက်ရာများကို ပြောခြင်း။

| | |
|---|---|
| A | ပတ်ဝန်းကျင်ရှိ ပန်းတော့အနုပညာလက်ရာများကို ပြောနိုင်ခြင်း။ |
| B | ကျောင်းသုံးစာအုပ်မှ နမူနာရုပ်ပုံများကိုသာ ပြောနိုင်ခြင်း။ |
| C | ပန်းတော့အနုပညာလက်ရာများကို မပြောနိုင်ခြင်း။ |

DRE Box - Copyright Protected




## သတိပြုရမည့်အချက်များ

၃ မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံတို့တွင် ပန်းတော့လက်ရာများကို တွေ့နိုင်သည်။

၄ ကျောင်းသားကျောင်းသူများမှ တစ်ဆင့် ကျန်မိသားစုဝင်များပါ ပန်းတော့အနုပညာကို တန်ဖိုးထားနားလည်တတ်စေရန် အိမ်တွင် ပြန်လည်ရှင်းပြသင့်ကြောင်းပြောမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သင်ခန်းစာဖြစ်စဉ်**

■ ကျောင်းသားအရေအတွက်အရ အုပ်စုများဖွဲ့မည်။ အုပ်စုအလိုက် အောက်ပါမေးခွန်းများကို ဆွေးနွေးစေမည်။

- ပတ်ဝန်းကျင်ရှိ ပန်းတော့အနုပညာနဲ့ ပြုလုပ်ထားတဲ့ အရာတွေက ဘာတွေလဲ။
- အင်္ဂတေနဲ့ ပြုလုပ်ထားတဲ့အတွက် ဘယ်လိုကောင်းတဲ့ အချက်တွေ ရှိမလဲ။


● အုပ်စုအလိုက် ဆွေးနွေးတင်ပြကြမည်။

**နိဂုံး (၅ မိနစ်)**

■ ကျောင်းသုံးစာအုပ်ပါ နမူနာပုံများနှင့် ချိတ်ဆက်၍ အောက်ပါအတိုင်း ဖြည့်စွက်ဆွေးနွေးပါမည်။

- ပန်းတော့ပညာသည် မြန်မာ့ရိုးရာအနုပညာတစ်ခုဖြစ်ကြောင်း၊ အင်္ဂတေဖြင့် ပြုလုပ်ထားသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး ကာလကြာရှည်စွာခိုင်ခံ့ကြောင်း ရှင်းပြပါမည်။ အင်္ဂတေဖြင့် ပုံဖော်ပြီးပါက အပေါ်မှထပ်၍ ဆေးသုတ်ခြင်း၊ မှန်စီရွှေချခြင်းများပြုလုပ်ကာ ပိုမိုလှပအောင် မွမ်းမံနိုင်ကြောင်း ရှင်းပြပါမည်။

■ ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့်အတွက် တန်ဖိုးထားထိန်းသိမ်းကြရန် အလွန်အရေးကြီးကြောင်းနှင့် မိမိတို့ပတ်ဝန်းကျင်တွင်လည်း ပန်းတော့ပညာနှင့် ပြုလုပ်ထားသောလက်ရာများကို လေ့လာသင့်ကြောင်း ရှင်းပြ၍ နိဂုံးချုပ်ပါမည်။




ပန်းပုံဖော်ရာတွင် ကိရိယာကို အသုံးပြု၍ ပန်းခက်များကို ချန်ထားပြီး ခနုပေါက်များကို ဖယ်ထုတ်ရခြင်းဖြစ်သည်။

မှတ်ချက်
အကယ်၍ ကျောင်းသုံးစာအုပ်၊ ပိုစတာမရခဲ့ပါက မဂ္ဂဇင်း၊ ပြက္ခဒိန်၊ သတင်းစာများတွင် ပါရှိသော ပန်းတော့လက်ရာများကို ပြသ၍လည်း လေ့လာစေပါမည်။



DBE Box - Copyright Protected

## ၅-၂ မိမိနိုင်ငံရှိအနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း
## ၂-၁ ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးဘမောင်
### စာသင်ချိန် ၁ ချိန်

**သင်ယူမှုဦးတည်ချက်**

မြန်မာနိုင်ငံရှိ ပန်းချီအနုပညာရှင်ကြီးများ၏ လက်ရာများကို သိရှိနားလည်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကျောင်းသုံးစာအုပ်မှ သင်ခန်းစာကို အကြီးချဲ့ထားသော ပိုစတာ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ အောက်ပါမေးခွန်းများကို မေးမည်။
- ပထမတန်းနဲ့ ဒုတိယတန်းမှာ ဘယ်လို ပန်းချီပုံတွေ သင်ဖူးသလဲ။
- ဘယ်ပန်းချီကားတွေကို နှစ်သက်သလဲ။

● ကလေးများက မိမိတို့ အတွေ့အကြုံကို အခြေခံ၍ ဖြေကြားမည်။

■ ကျောင်းသုံးစာအုပ်ပါ ပန်းချီများသည် ပန်းချီဆရာကြီး ဦးဘမောင်၏ ပန်းချီများဖြစ်ကြောင်းပြောပြမည်။ ဦးဘမောင် အကြောင်းကို လေ့လာကြမည်ဟုပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ မင်းမြောက်ခန်းပုံကို ကြည့်စေပြီး ၎င်းပန်းချီကားနှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးမည်။
- ဘယ်လိုနေရာမျိုးဖြစ်နိုင်သလဲ။
- လူတွေက ဘာလုပ်နေတာလဲ။
- ဘာလို့ အဲဒီလိုထင်တာလဲ။
- ဒီပုံကိုကြည့်ပြီး ဘယ်လိုခံစားရသလဲ။

● မေးခွန်းများကို လွတ်လပ်စွာဖြေဆိုမည်။

■ ကျန်ပုံများဖြစ်သည့် ရာမသမင်လိုက်ဟန်၊ ဦးကြီးအပန်းဖြေ၊ လယ်လုပ်ငန်းနားချိန်တို့ကို ကြည့်စေပြီး အလားတူမေးခွန်းများကို မေးမည်။

● မေးခွန်းများကို လွတ်လပ်စွာဖြေဆိုမည်။

■ ညာဘက်စာမျက်နှာတွင် ရေးသားထားသည့် ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးဘမောင်၏ ကိုယ်ရေးအကျဉ်းကို ရှင်းပြရမည်။ ဇာတ်နိပါတ်တော်များနှင့် မြန်မာလူမျိုးတို့၏ နေထိုင်မှုပုံစံတို့ကို ရေးဆွဲရာတွင် ကျော်ကြားခဲ့ကြောင်း ရှင်းပြမည်။

**အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း**

**သင်ခန်းစာ(၂-၁) မိမိနိုင်ငံရှိအနုပညာရှင်များနှင့်သူတို့၏ လက်ရာများကို လေ့လာခြင်း**



ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးဘမောင်
(၁၉၀၀-၁၉၆၉)

ဘယ်လိုနေရာမျိုးဖြစ်နိုင်သလဲ။
လူတွေက ဘာလုပ်နေတာလဲ။
ဒီပုံကိုကြည့်ပြီး ဘယ်လိုခံစားရသလဲ။





၄၂

**သတိပြုရမည့်အချက်များ**

၁ မင်းမြောက်ခန်းပန်းချီကားမှ ရှေးယခင်မင်းနှင့် မှူးမတ်တို့၏ ဝတ်စားဆင်ယင်ပုံနှင့် အခမ်းအနားကျင်းပပုံကို လေ့လာစေမည်။

၂ ရာမသမင်လိုက်ဟန်ပန်းချီကားတွင် သမင်ပစ်နေပုံကို ကြည့်၍ ထိုအပြုအမူနှင့်ပတ်သက်၍ လေ့လာစေပြီး မိမိ၏ခံစားချက်ကို ပြောစေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ကျောင်းသုံးစာအုပ်ပါ လက်ရာကို လေ့လာပြီး မြန်မာ့အနုပညာကို စိတ်ဝင်စားမှုရှိခြင်း။

| | |
|---|---|
| A | ပန်းချီကားနှင့် ပတ်သက်သောမေးခွန်းကို ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ အသေးစိတ်သိရှိကြောင်း စိတ်ပါဝင်စားမှုကို ဖော်ပြနိုင်ခြင်း။ |
| B | ပန်းချီကားနှင့် ပတ်သက်သော မေးခွန်းကို အနည်းငယ် ဖြေကြားနိုင်ပြီးမြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ပါဝင်စားမှုမရှိခြင်း။ |
| C | ပန်းချီကား၊ မြန်မာ့အနုပညာတို့နှင့် ပတ်သက်၍ စိတ်ပါဝင်စားမှု မရှိခြင်း။ |

DBE Box - Copyright Protected

ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးစောမောင်၏ လက်ရာများ




စောမောင် (၁၉၀၀–၁၉၆၉)၊ ဦးကြီးအပန်းဖြေ၊ ၁၉၆၄
ဆီဆေး၊ ခိုင်ဘာ
၄၇.၅× ၆၀ စင်တီ

စောမောင် (၁၉၀၀–၁၉၆၉)၊ လယ်လုပ်ငန်းနားနေချိန်၊ ၁၉၅၄
ဆီဆေး၊ ခိုင်ဘာ
၆၀× ၅၀ စင်တီ




၄၃

## သတိပြုရမည့်အချက်များ

**၃** ဦးကြီးအပန်းဖြေပန်းချီကားတွင် ရှေးတောင်သူဦးကြီးများသည် မိမိတို့ ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို တီထွင်ဖန်တီး၍ အသုံးပြုသော နေထိုင်မှုပုံစံကို လေ့လာစေမည်။

**၄** လယ်လုပ်ငန်းနားနေချိန်ပန်းချီကားတွင် လူတို့သည်လယ်ယာလုပ်ငန်းတွင် နွားကိုမည်ကဲ့သို့ အသုံးချလုပ်ဆောင်သည်ကို လေ့လာစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ ပန်းချီလက်ရာများကို လေ့လာပြီးနှစ်သက်ရာပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | နှစ်သက်ရာပုံနှင့် ပတ်သက်၍ အသေးစိတ် ရှင်းပြခြင်း။ |
| B | နှစ်သက်ရာပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။ |
| C | ဆရာက နိမိတ်ပြမေးခွန်းမေးသော်လည်း မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

■ ပန်းချီကား ၄ ချပ်ကို ကြည့်၍ ဘယ်ပန်းချီကားကို အနှစ်သက်ဆုံးလဲ၊ အဘယ်ကြောင့် နှစ်သက်ရသလဲဟု မေးမည်။

● နှစ်သက်ရသည့် အကြောင်းအရင်းကို ဖြေမည်။

■ ပန်းချီကား ၄ ချပ်ကို ကြည့်၍ မည်ကဲ့သို့သော ပုံကိုရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည်ကို စဉ်းစားစေမည်။

● ရေးဆွဲချင်စိတ် ဖြစ်ပေါ်လာသည့်ပုံနှင့် ပတ်သက်၍ လွတ်လပ်စွာ ဖြေဆိုမည်။

## နိဂုံး (၅ မိနစ်)

■ ကျောင်းသုံးစာအုပ်ပါ ပန်းချီကားများအပြင် ပန်းချီဆရာကြီး ဦးစောမောင်၏ လက်ရာမြောက်သော ပန်းချီကားများရှိကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

### ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးစောမောင်၏ ကိုယ်ရေးအကျဉ်းချုပ်

■ ဆရာကြီးဦးစောမောင်ကို ၁၉၀၀ ပြည့်နှစ်၊ ဧပြီလ ၂၂ရက်တွင် ဖခင်ဦးအေးနှင့် မိခင်ဒေါ်ရီတို့မှ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပင် ပန်းချီပညာကို ဝါသနာပါခဲ့သည်။ အသက် ၂၀ တွင် ကမ္ဘာလုံးဆိုင်ရာ ဝင်ဘာလေပန်းချီပြပွဲတွင် ၎င်း၏ ပန်းချီကားများကို ပြသခဲ့သည်။ ရေဆေး၊ ဆီဆေးတို့ဖြင့် သရုပ်ဖော်ပန်းချီကားများရေးဆွဲခဲ့သည်။ ဇာတ်နိပါတ်တော်များ ရေးဆွဲရာတွင် ထူးချွန်ပြောင်မြောက်သဖြင့် မြန်မာပြည်တစ်လွှား ဘုရားကျောင်းကန်များတွင် ပန်းချီဆရာကြီး ဦးစောမောင်၏ လက်ရာများကို တွေ့မြင်နိုင်သည်။

၁၉၅၆ ခုနှစ်တွင် အမေရိကန်၊ အင်္ဂလန်၊ အိုင်ယာလန်ရှိ ပြခန်းများတွင်လည်း လေ့လာခွင့်ရရှိခဲ့သည်။

၁၉၅၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အလင်္ကာကျော်စွာဘွဲ့ကို ချီးမြှင့်ခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ကံဘဲ့ဆရာအတတ်သင်၌ ပန်းချီပညာနှင့် ပတ်သက်၍ ဉာဏ်သစ်လောင်းသင်တန်းများ ပို့ချပေးခဲ့သည်။

၁၉၅၈ ခုနှစ်တွင် တရုတ်ပြည်ပီကင်းနှင့် ဟောင်ကောင်ရှိ ပြတိုက်များတွင် လေ့လာခွင့်ရခဲ့သည်။

၁၉၆၃ ခုနှစ်တွင် ပန်းချီ ပန်းပုကောင်စီ၏ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်နေ့တွင် ကွယ်လွန်သည်။

**မူပိုင်ခွင့်**


ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသောအကြောင်းအရာများသည် သက်ဆိုင်ရာမိသားစုထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

DBE Box - Copyright Protected

## ၅-၂ မိမိနိုင်ငံရှိအနုပညာရှင်များနှင့် သူတို့၏လက်ရာများကို လေ့လာခြင်း
## ၂-၂ ပန်းချီဆရာကြီး အလက်ာကျော်စွာ ဦးငွေကိုင်
**စာသင်ချိန် ၁ ချိန်**

**သင်ယူမှုဦးတည်ချက်**
မြန်မာနိုင်ငံရှိ ပန်းချီအနုပညာရှင်ကြီးများ၏ လက်ရာများကို သိရှိနားလည်ပြီး ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**
ကျောင်းသုံးစာအုပ်မှ သင်ခန်းစာကို အကြီးချဲ့ထားသော ပိုစတာ။




## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း (၅ မိနစ်)**

■ အောက်ပါမေးခွန်းများကို မေးမည်။
- ပထမတန်းနဲ့ ဒုတိယတန်းမှာ ဘယ်လို ပန်းချီပုံတွေ သင်ဖူးသလဲ။
- ဘယ်ပန်းချီကားတွေကို နှစ်သက်သလဲ။

● ကလေးများက မိမိတို့ အတွေ့အကြုံကို အခြေခံ၍ ဖြေကြားမည်။

■ ကျောင်းသုံးဖတ်စာအုပ်ပါ ပန်းချီများသည် ပန်းချီဆရာကြီး ဦးငွေကိုင်၏ ပန်းချီများဖြစ်ကြောင်းပြောပြမည်။ ဦးငွေကိုင် အကြောင်းကို လေ့လာကြမည်ဟုပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ကူးတို့ဆိပ်ပုံကို ကြည့်စေပြီး ၎င်းပန်းချီကားနှင့် ပတ်သက်၍ အောက်ပါ မေးခွန်းများကို မေးမည်။
- ဘယ်လိုနေရာမျိုးဖြစ်နိုင်သလဲ။
- လူတွေက ဘာလုပ်နေတာလဲ။
- ဘာလို့ အဲဒီလိုထင်တာလဲ။
- ဒီပုံကိုကြည့်ပြီး ဘယ်လိုခံစားရသလဲ။

● မေးခွန်းများကို လွတ်လပ်စွာဖြေဆိုမည်။

■ ကျန်ပုံများဖြစ်သည့် တောင်ရိုးဈေးသည်၊ သွေးချင်းတို့မြေ၊ ဗမာပြည်နယ်စပ်၊ နိုင်ငံတော်၏ရတနာတို့ကို ကြည့်စေပြီး အလားတူမေးခွန်းများကို မေးမည်။

● မေးခွန်းများကို လွတ်လပ်စွာဖြေဆိုမည်။

■ ညာဘက်စာမျက်နှာတွင် ရေးသားထားသည့် ပန်းချီဆရာကြီး အလက်ာကျော်စွာ ဦးငွေကိုင်၏ ကိုယ်ရေးအကျဉ်းကို ရှင်းပြရမည်။ လူပုံများနှင့် မြန်မာလူမျိုးတို့၏ နေထိုင်မှုပုံစံတို့ကို ရေးဆွဲရာတွင် ကျော်ကြားခဲ့ကြောင်း ရှင်းပြမည်။

**သတိပြုရမည့်အချက်များ**

၁ ကူးတို့ဆိပ်ပုံတွင် မြစ်ကူးတို့ဆိပ်၏ သဘာဝပတ်ဝန်းကျင်အနေအထားကို လေ့လာစေမည်။

၂ တောင်ရိုးဈေးသည် ပန်းချီကားတွင် တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်ပုံနှင့် ရိုးသားသောတိုင်းရင်းသားတို့၏ မျက်နှာအနေအထားကို လေ့လာစေမည်။

၃ သွေးချင်းတို့မြေပန်းချီကားတွင် ကျေးလက်ဒေသ၏ အေးချမ်းသော တောတောင် ရေမြေသဘာဝကို လေ့လာစေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ကျောင်းသုံးစာအုပ်ပါ လက်ရာကို လေ့လာပြီး မြန်မာ့အနုပညာကို စိတ်ဝင်စားမှုရှိခြင်း။

| | |
|---|---|
| A | ပန်းချီကားနှင့် ပတ်သက်သောမေးခွန်းကို ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ အသေးစိတ်သိရှိကြောင်း စိတ်ပါဝင်စားမှုကို ဖော်ပြနိုင်ခြင်း။ |
| B | ပန်းချီကားနှင့် ပတ်သက်သော မေးခွန်းကို အနည်းငယ် ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ပါဝင်စားမှု မရှိခြင်း။ |
| C | ပန်းချီကား၊ မြန်မာ့အနုပညာတို့နှင့် ပတ်သက်၍ စိတ်ပါဝင်စားမှု မရှိခြင်း။ |

DBE Box - Copyrighted

ပန်းချီဆရာကြီး အလက်ာကျော်စွာ ဦးငွေကိုင်၏ လက်ရာများ



၄

ငွေကိုင် (၁၉၀၁-၁၉၈၇)
ဗမာပြည်နယ်စပ်



၅

ငွေကိုင် (၁၉၀၁-၁၉၈၇)
နိုင်ငံတော်၏ရတနာ

၅၅

### သတိပြုရမည့်အချက်များ

၄ ဗမာပြည်နယ်စပ်ပန်းချီကားတွင် နယ်စပ်ဒေသ၏ စည်ကား သိုက်မြိုက်ပုံကို လေ့လာစေမည်။

၅ နိုင်ငံတော်၏ရတနာပန်းချီကားတွင် အဖိုးတန်ကျွန်းသစ်ကို သယ်ဆောင်နေသော လုပ်ငန်းခွင်ကို လေ့လာစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပန်းချီလက်ရာများကို လေ့လာပြီးနှစ်သက်ရာပုံနှင့် ပတ်သက်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | နှစ်သက်ရာပုံနှင့် ပတ်သက်၍ အသေးစိတ် ရှင်းပြနိုင်ခြင်း။ |
| B | နှစ်သက်ရာပုံနှင့် ပတ်သက်၍ ရှင်းပြနိုင်ခြင်း။ |
| C | ဆရာက နိမိတ်ပြမေးခွန်းမေးသော်လည်း မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

■ ပန်းချီကား ၄ ချပ်ကို ကြည့်၍ ဘယ်ပန်းချီကားကို အနှစ်သက်ဆုံးလဲ၊ အဘယ်ကြောင့် နှစ်သက်ရသလဲဟု မေးမည်။

● နှစ်သက်ရသည့် အကြောင်းအရင်းကို ဖြေမည်။

■ ပန်းချီကား ၄ ချပ်ကို ကြည့်၍ မည်ကဲ့သို့သော ပုံကိုရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည်ကို စဉ်းစားစေမည်။

● ရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည့် ပုံနှင့်ပတ်သက်၍ လွတ်လပ်စွာ ဖြေဆိုမည်။

### နိဂုံး (၅ မိနစ်)

■ ကျောင်းသုံးစာအုပ်ပါ ပန်းချီကားများအပြင် ပန်းချီဆရာကြီး ဦးငွေကိုင်၏ လက်ရာမြောက်သော ပန်းချီကားများရှိကြောင်းပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

### ပန်းချီဆရာကြီး အလင်္ကာကျော်စွာ ဦးငွေကိုင်၏ ကိုယ်ရေးအကျဉ်းချုပ်

■ ဆရာကြီးဦးငွေကိုင်သည် ၁၉၀၁ခုနှစ်တွင် မြိတ်မြို့နယ် စန္ဒဝတ်ရွာ၌ ဦးအိုင်ဂုဏ်၊ ဒေါ်စုမတို့က ဖွားမြင်ခဲ့သည်။ ဖခင်သည် ရော်ဘာခြံလုပ်ငန်း လုပ်ကိုင်သူဖြစ်သည်။ မောင်ငွေကိုင်သည်ငယ်စဉ်ကပင်ပန်းချီဝါသနာပါသူဖြစ်ရာ အင်္ဂလိပ်သတင်းစာထဲမှ ရုပ်ပုံများကို ကူးယူရေးဆွဲလေ့ရှိသည်။ ငယ်ရွယ်စဉ်တွင် ဖခင်ကွယ်လွန်သွားသဖြင့် မိခင်နှင့်အတူ ထားဝယ်တွင် နေထိုင်ကာ ဦးလေးဖြစ်သူ တောင်ငူကျောင်းဆရာတော်ထံ၌ ပညာဆည်းပူးခဲ့သည်။ ရန်ကုန်မြို့ရှိ ပန်းချီဆရာကြီးဦးဘိုးအောင်ထံတွင် ပန်းချီပညာသင်ကြားသည်။ ၁၉၂၈ ခုနှစ်တွင် ဦးဘိုးအောင်၏ ညွှန်ကြားချက်အရ ဦးဘဉာဏ်ထံတွင် ပညာဆက်လက် သင်ကြားသည်။ ဦးဘဉာဏ်၏ ပံ့ပိုးပေးမှုကြောင့်ရုပ်ရှင်ဆက်တင်ကားများကို ရေးဆွဲခဲ့သည်။ ဂျပန်ခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ဦးငွေကိုင်အား စစ်ပန်းချီဌာနတွင် ဌာနမှူးခန့်အပ်ခဲ့သည်။ ထိုအချိန်တွင်ရွှေတောင်တိုက်ပွဲ ပန်းချီကားကိုရေးဆွဲခဲ့သည်။ လွတ်လပ်ရေးရရှိပြီး ၁၉၅၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ လန်ဒန် မြို့တော်ရှိ ဝိတိုရိယနှင့်အဲလ်ဘတ်ပြတိုက်မှ ရှေးမြန်မာပုရပိုက်ပန်းချီများကို ပုံတူကူးယူရေးဆွဲခဲ့သည်။ နိုင်ငံတော်အစိုးရထံမှ ပန်းချီဝန်ရာထူးခန့်အပ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် နိုင်ငံတော်အစိုးရက အလင်္ကာကျော်စွာဘွဲ့ကို ချီးမြှင့်ခဲ့သည်။ ၁၉၈၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ထားဝယ်မြို့၌ ကွယ်လွန်သည်။

**မူပိုင်ခွင့်**


ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသောအကြောင်းအရာများသည် သက်ဆိုင်ရာမိသားစုထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

DBE Box - Copyright Protected

# အနုပညာ(ပန်းချီ)တွင် အသုံးပြုမည့်ပစ္စည်းများ


**ပန်းချီဆွဲရန် သုံးသောပစ္စည်း**


A4 စက္ကူ


ဖယောင်းရောင်စုံ



ရေဆေး


ဆေးစပ်ခွက်


ရေဆေးဖျော်ရန်ခွက်


စုတ်တံ



စုတ်တံဆေးရန်ခွက်


သွားတိုက်တံ


အဝတ်စ



ဆော့ပင်

**လက်မှုတွင် သုံးမည့်ပစ္စည်း**


ရောင်စုံစက္ကူ



သတင်းစာ



ရွှံ့


ပလတ်စတစ်ကြိုး



ပလတ်စတစ်အိတ်


ရေသန့်ဘူးခွံ


ကတ်ထူစက္ကူ


သစ်ကိုင်းခြောက်

**လက်မှုတွင် သုံးမည့်ကိရိယာ**


ကတ်ကြေး


ကော်


တိပ်

DBE Box Copyright Protected